# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့။ Sunday, 19 October 2025 ၁၁၉၇၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ
စာမျက်နှာ » ၆

ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေး
ဆောင်းပါး စာမျက်နှာ » ၉

လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်း ကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀ - က)နှင့် ပုံစံ (၁၀ - ခ)များ ကပ်ထားကြေညာမည့်နေ့ရက် အသိပေးကြေညာခြင်း
စာမျက်နှာ » ၇

တပ်မတော်က သီပေါမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့သဖြင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ သီပေါမြို့သို့ ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆို
စာမျက်နှာ » ၁၁

# ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုပေါင်းတစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသောနိုင်ငံဖြစ်သည်။ တိုင်းရင်းသားများမှာ အသွေးအရောင်မတူကွဲပြားကြသော်လည်း ပြည်ထောင်စုကြီးအတွင်း ဤမြေတွင်နေ၊ ဤရေကိုသောက်၍ အတူတကွစုပေါင်းနေထိုင် ကြီးပြင်းရှင်သန်ရပ်တည်လာကြသူများဖြစ်၍ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်ကြသည်ဟု ခံယူထားကြပြီး ချစ်ခင်စည်းလုံးသည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ မွေးမြူထားရှိကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးနှင့် ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ် အတူတကွပေါင်းစည်းနေထိုင်လာခဲ့ကြပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီးအချိန်မှစတင်၍ တိုင်းရင်းသားလူမျိုးအချင်းချင်းကြားတွင် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်ခဲ့သည်။ ကိုလိုနီအုပ်ချုပ်ရေးကာလက နယ်ချဲ့၏ သွေးခွဲမှုပရိယာယ်အမျိုးမျိုးတို့ကြောင့်နှင့် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလက သွေးကွဲစေနိုင်သည့် သဘောတူညီချက်အချို့တို့ကိုအကြောင်းပြု၍ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်အချို့ ဦးဆောင်သည့် လက်နက်ကိုင်အဖွဲ့များနှင့် ပဋိပက္ခများဖြစ်ပွားလာခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါးကြာမြင့်လာပြီဖြစ်သည်။

အဆိုပါပြဿနာကို ခေတ်အဆက်ဆက်အစိုးရများက ဖြစ်နိုင်သမျှ ဖြေရှင်းကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း မပြေလည်မှုအမျိုးမျိုးကြောင့် မငြိမ်းချမ်းသောသံသရာတွင် ဝဲလည်နေကြရ၍ တိုင်းပြည်လည်းနစ်နာ၊ တိုင်းရင်းသားပြည်သူများလည်း အတိဒုက္ခရောက်ကြရသည်။ ၁၉၈၈ ခုနှစ်တွင် တစ်ပါတီအာဏာရှင်စနစ်ကို ပြည်သူများက လက်မခံနိုင်ကြတော့ဘဲ ဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့သောကြောင့် တပ်မတော်အနေဖြင့် ဒီမိုကရေစီစနစ် အသွင်ကူးပြောင်းရေးကို ပုံဖော်ပေးခဲ့သည်။ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ၂၀၁၁ ခုနှစ်တွင် အောင်မြင်စွာစတင်တည်ဆောက်နိုင်ခဲ့သည်။ အစိုးရနှင့်တပ်မတော်သည် နှစ်ပေါင်းရှည်ကြာလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခကို ရပ်တန့်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် စိတ်ဝမ်းမကွဲပြားရေးသည် အလွန်အရေးကြီးသောအချက်ဖြစ်၍ စိတ်ဝမ်းကွဲပြားစေနိုင်သည့် ပြောဆိုပြုမူလုပ်ကိုင်ဆောင်ရွက်မှုများကို အထူးသတိထားဆောင်ရွက်ကြရသည်။ ခေတ်အဆက်ဆက်အစိုးရများက ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အကြိမ်ကြိမ်အမျိုးမျိုး ဆောင်ရွက်ခဲ့ကြပြီး ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလတွင် အရေးကြီးသည့် ငြိမ်းချမ်းရေး ညီလာခံကို (၂၁)ရာစုပင်လုံဟု အမည်ပြောင်းလဲဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ ယင်းသို့ဆောင်ရွက်ခြင်းသည် သမိုင်းကြောင်းအရ အခက်အခဲများရှိလာနိုင်သောကြောင့် အသိပေးမှုများဆောင်ရွက်ခဲ့သည်။ ထိုကာလက တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို အတတ်နိုင်ဆုံးလိုက်လျောဆောင်ရွက်ပေးခဲ့သည်။ အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးကို မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

သို့သော် ထိုအချိန်က လွှတ်တော်နှင့်အစိုးရအနေဖြင့် ဥပဒေကို သွေဖည်သောပြုမူပြောဆိုမှုများ၊ ပြဋ္ဌာန်းမှုများကို အတည်ပြုခဲ့ပြီး ဥပဒေနှင့်မညီညွတ်သည့် ကိစ္စများစွာတို့ကို ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ဒီမိုကရေစီ ဒုတိယအစိုးရလက်ထက်တွင် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုများစွာပြုလုပ်ခဲ့သဖြင့် မျက်မှောက်ကာလတွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ပြန်လည်ပုံဖော်တည်ဆောက်ပေးလျက်ရှိရာ မကြာမီကာလတွင် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ပြန်လည်ရောက်ရှိတော့မည်ဖြစ်သည်။ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပတော့မည်ဖြစ်သည်။ နိုင်ငံတော်၏ အန္တိမရည်မှန်းချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် “ပြည်ထောင်စုနိုင်ငံ” ထူထောင်နိုင်ရေးဖြစ်သဖြင့် တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူက ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာနှင့် ရပိုင်ခွင့်များကို မျှဝေခံစားခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများနှင့်လူမျိုးစုများ စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်းနှင့် မျှဝေခံစားခြင်းဖြစ်သည်။ ထို့ကြောင့် မတူကွဲပြားမှုများကို ကိုယ်စားပြုသည့် ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်ရန်အတွက် မကြာမီကျင်းပမည့် ရွေးကောက်ပွဲတွင် လက်ရှိကျင့်သုံးနေသည့် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) စနစ်အပြင် အချိုးကျကိုယ်စားပြုစနစ် (PR)စနစ်ကိုလည်း ပေါင်းစပ်ကျင့်သုံးသွားတော့မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရာတွင် ဒို့တာဝန်အရေး သုံးပါးကို အရေးအကြီးဆုံးအချက်အဖြစ် ခံယူထားရမည်ဖြစ်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်နေကြရမည် ဖြစ်ပါကြောင်း။ ။

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက် အမှတ် (M5/M6) တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK–UP Drilling Rig, COSL GIFT (Call Sign: 9V2410) ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကမ်းလွန်လုပ်ကွက်အမှတ် (M5/M6) တွင် တွင်းတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်မည့် တွင်းတည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) Restricted Area Boundary Coordinates for M5/M6

| Point | Latitude | Longitude |
|---|---|---|
| A | 15 ˚ 24 ' 07.33 " N | 94 ˚ 03 ' 05.77 " E |
| B | 15 ˚ 24 ' 27.67 " N | 94 ˚ 51 ' 54.74 " E |
| C | 14 ˚ 57 ' 55.74 " N | 94 ˚ 52 ' 02.99 " E |
| D | 14 ˚ 57 ' 36.07 " N | 94 ˚ 03 ' 20.32 " E |

(ခ) Tentative Schedule for Drilling with COSL Gift for M5/M6

| Platform Name | Latitude | Longitude |
|---|---|---|
| YAD–2M | 15 ˚ 9 ' 9.38 " N | 94 ˚ 46 ' 51.56 " E |
| Bawga Wadi–1 | 15 ˚ 2 ' 36.60 " N | 94 ˚ 05 ' 40.69 " E |
| Mingalar–1 | 15 ˚ 23 ' 21.42 " N | 94 ˚ 14 ' 40.61 " E |
| Mingalar–2 | 15 ˚ 16 ' 50.29 " N | 94 ˚ 09 ' 23.36 " E |
| Bawga Wadi–2 | 15 ˚ 7 ' 45.20 " N | 94 ˚ 09 ' 48.20 " E |
| BDM–4H(R5E) | 15 ˚ 9 ' 37.47 " N | 94 ˚ 43 ' 2.78 " E |
| BDM–4D(R5NE) | 15 ˚ 9 ' 37.48 " N | 94 ˚ 43 ' 2.66 " E |
| BDM–4B(R3) | 15 ˚ 9 ' 37.36 " N | 94 ˚ 43 ' 2.66 " E |
| BDM–4F(R2SE) | 15 ˚ 9 ' 37.36 " N | 94 ˚ 43 ' 2.77 " E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (M5/M6) တွင် တွင်းတူးဖော်ရေးလုပ်ငန်းများအား JACK–UP Drilling Rig, COSL GIFT (Call Sign: 9V2410)ဖြင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၈

အောက်တိုဘာ ၁၇ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီ ၀၉ မိနစ် ၁၇ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက် - အနောက်တောင်ဘက် တစ်မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မရမ်းကုန်းမြို့နယ်၏ မြောက် - အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၈၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၅ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား သွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## ၁၈ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၈

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

■

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - | အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - | ဇင်မာဝင့် |
| | | | စာပြင် | - | ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - | အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | နီလာစိုးနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ကိုကိုးကျွန်းမြို့နှင့် သွားလာဆက်သွယ်မှု အဆင်ပြေစေရေးအတွက်လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းနှင့် သင်္ဘောကြီးများ ဆိုက်ကပ်ရပ်နားနိုင်သည့် ဆိပ်ခံတံတားကို တည်ဆောက်ပေးခဲ့ပြီး ယခင်ကထက် များစွာတိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းသည် မိမိတို့နိုင်ငံအတွက် ပထဝီအနေအထားအရ အရေးပါသည့်နေရာတွင် တည်ရှိသောကြောင့် ကိုကိုးကျွန်းတပ်နယ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များ သာမက မိသားစုဝင်များအနေဖြင့်လည်း အမြဲလုံခြုံရေး အသိ၊ လုံခြုံရေးသတိဖြင့် နေထိုင်ကြရန်လိုကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

တပ်မတော် ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်း ဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လိုကြောင်း၊ တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်မှု ရှိစေရေးအတွက် တပ်မတော်သားတစ်ဦး နေ့စဉ်ဆောင်ရွက်ရမည့် ကိုယ်လက်ကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို အမြဲဆောင်ရွက်နေရန် လိုကြောင်း၊ ရဲစွမ်းသတ္တိရှိရန်အတွက် မြန်မာ့ရိုးရာသိုင်း၊ လက်ဝှေ့နှင့် အခြားကိုယ်ခံပညာရပ်များကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ ရဲစွမ်းသတ္တိရှိခြင်း ဆိုသည်မှာ အများအကျိုးအတွက် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များကို သတ္တိရှိစွာဖြင့် ပြတ်ပြတ်သားသား တာဝန်ထမ်းဆောင်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ရဲစွမ်းသတ္တိရှိစေရေး မိမိကိုယ်ကို လေ့ကျင့်နေရန် လိုကြောင်း၊ ကျွမ်းကျင်မှုနှင့်ပတ်သက်၍ မိမိတို့ကိုင်တွယ် အသုံးပြုရသည့် လက်နက်၊ ခဲယမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုနိုင်ရေးနှင့် အမြဲအသင့်ဖြစ်နေစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း။

အလားတူ နေ့စဉ်ဆောင်ရွက်နေရသည့် ဦး၊ ရေး၊ ထောက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကိုလည်း အမြဲစနစ်တကျ ဆောင်ရွက်နေမည်ဆိုပါက စည်းကမ်းကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်ကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့် သမားစဉ်လုပ်ငန်းများကို မပျက်မကွက် လုပ်ဆောင်နေမည်ဆိုပါက အရည်အချင်းရှိသည့် တပ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက်သွားရန် လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများနှင့် ပတ်သက်၍ ကြပ်မတ်ကွပ်ကဲရသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန်လိုသကဲ့သို့ လိုက်ပါဆောင်ရွက်ရသူများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြင့် လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊ စစ်သည်များ၏ ရသင့်ရထိုက်သည့် အခွင့်အရေးများ မဆုံးရှုံးစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးနေရန် လိုကြောင်း။

မိမိတို့၏ ကျန်းမာရေးနှင့် လူမှုဘဝကို ထိခိုက်စေနိုင်သည့် အရက်သေစာ သောက်စားခြင်းများနှင့် အပျော်အပါးလိုက်စားခြင်းများကို တတ်နိုင်သမျှရှောင်ကြဉ်ရန်လိုကြောင်း၊ အသုံးအစွဲချွေတာသုံးခြင်းဖြင့် မိမိတို့၏ ဝင်ငွေနှင့် ထွက်ငွေများ မျှတအောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို များစွာအထောက်အကူပြုစေနိုင်သဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စိတ်ဓာတ်ပိုင်း ဆိုင်ရာနှင့် ပတ်သက်၍ အားကစားပြိုင်ပွဲများ၊ ကြံ့ခိုင်ရေးပြိုင်ပွဲများ၊ သဲသောင်ပြင်အပြေးပြိုင်ပွဲများ ကျင်းပခြင်း၊ ရုပ်ရှင်များပြသခြင်း၊ ရာသီအလိုက်ပွဲတော်များ ကျင်းပပေးခြင်းများကို ဆောင်ရွက်ပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏စိတ်ဓာတ်ကို မြှင့်တင်ပေးရန်လိုကြောင်း။

နိုင်ငံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အခြေအနေအရ ၂၀၂၁ ခုနှစ်မှ စတင်၍ နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရကြောင်း၊ ရွေးကောက်ပွဲကိုလည်း မကြာမီအချိန်အတွင်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း မိမိတို့ဒေသနှင့် နိုင်ငံ၏အကျိုးကို အမှန်တကယ် လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဒို့တာဝန် အရေးသုံးပါးကို လိုက်နာစောင့်ထိန်းလိုက်နာသည့်သူ၊ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအမြင်ရှိသူကို ရွေးချယ်ကြရန် လိုကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီ နိုင်ငံတစ်ခုကို တည်ဆောက်ရန်အတွက် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မိမိတို့နိုင်ငံတွင် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များကြွယ်ဝစေရေး နိုင်ငံတော်အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေး အခြေအနေအရ တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းဖြစ်ကြောင်း၊

စာမျက်နှာ ၄ သို့ »»

☆ **တပ်မတော်ဆိုသည်မှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်သည့် အဖွဲ့အစည်းဖြစ်ပြီး အဆင့်အလိုက် တာဝန်ထမ်းဆောင်နေကြသူများအားလုံးက ကာကွယ်ရေးအမြင်များရှိရန်လို**

☆ **တပ်မတော်သားများဖြစ်သည်နှင့်အညီ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်စေရေး ကြိုတင်လေ့ကျင့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နေရန်လိုပြီး ကျန်းမာကြံ့ခိုင်နေရန်၊ ရဲစွမ်းသတ္တိရှိရန်နှင့် ကျွမ်းကျင်မှုများရှိရန် ဆောင်ရွက်ပြီး အမြဲ Combat Ready ဖြစ်စေရေး ဆောင်ရွက်နေရန်လို**

»»» စာမျက်နှာ ၃ မှ

မိမိတို့ အားလပ်သည့်အချိန်များတွင် စာပေဖတ်ရှုလေ့လာခြင်းများကို ဆောင်ရွက်ကြစေလိုကြောင်း၊ စာဖတ်ခြင်းဖြင့် မိမိတို့ဘဝတိုးတက်စေရေး အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စာပေများဖတ်ရှုလေ့လာပြီး အသိပညာ၊ အတတ်ပညာများ တတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့၏သားသမီးများအား ပညာတတ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက်စားသောက်ဖွယ်ရာများကို ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေများကို ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူး၏ ဇနီးက လက်ခံရယူစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေများကို လည်းကောင်း ပေးအပ်ရာ ရေတပ်ဌာနချုပ်မှူးနှင့် ဇနီးတို့က လက်ခံရယူကြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တပ်နယ်ရှိနွားမွေးမြူရေးခြံအတွင်း ဒေသနွားများ မွေးမြူထားရှိမှုများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျွန်းပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဖျိုင်းကျွန်းနှင့် ဂျယ်ရီကျွန်းဆက်လမ်း ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးကျွန်းပေါ်ရှိ မြေလွတ်နေရာများ၌ မျိုးကောင်းသည့် အုန်းပင်များကို စနစ်တကျဖြင့် အကွက်ချစိုက်ပျိုးရန်၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်ပင်လယ်ရေမှ စိုက်ပျိုးရေထုတ်ယူသုံးစွဲနိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံရေတပ်စခန်းဌာနချုပ် ကိုကိုးစိုက်ပျိုးရေးခြံသို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုကိုးကျွန်းတပ်နယ်ရှိ နွားမွေးမြူရေးခြံအတွင်း ဒေသနွားများ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

ရောက်ရှိကြပြီး ကိုကိုးပင်များ ရှင်သန်အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကိုကိုးပင်များကို ယခုထက် ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်၊ ထို့မှတစ်ဆင့် မြေနိမ့်ကော်ဖီကို စမ်းသပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖျိုင်းကျွန်းနှင့် ဂျယ်ရီကျွန်းဆက်လမ်း ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ရှိ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ကိုကိုးကျွန်းလေဆိပ်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား မြို့နယ်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုကိုးကျွန်းမြို့ အထက်တန်းကျောင်းအတွက် စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူစဉ်။

ဦးစွာ ကိုကိုးကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်ဆိုင်ရာ အချက်အလက်များ ရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု၊ မြန်မာ အီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များအသုံးပြုနိုင်ရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကိုကိုးဆည်မှတစ်ဆင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိမှု၊ ရေသန့်စက်များတပ်ဆင်၍ သောက်ရေသန့်များ ဖြန့်ဝေပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှု၊ အားကစားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ မြင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကိုကိုးပင်များ စိုက်ပျိုးလျက်ရှိမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍလိုအပ်မှု၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းအတွက် လိုအပ်မှု၊ ပုဂ္ဂလိက လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့်ပတ်သက်၍ ကိုကိုးပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်ပြီး ဒေသအတွက် အကျိုးဖြစ်ထွန်းစေရန် စိုက်ပျိုးစခြင်းဖြစ်ကြောင်း၊ ကိုကိုးပင်စိုက်ပျိုးခြင်းများ တိုးတက်စေရေးအတွက် မိမိတို့ကိုယ်တိုင် ဆက်လက်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဝင်ငွေ တိုးတက်ရရှိရေးအတွက် ဒေသတွင် နေထိုင်ကြသူများက ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ကိုကိုးကျွန်းဒေသအတွက် လိုအပ်လျက်ရှိသည့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး သမဝါယမလုပ်ငန်းများ ဖြစ်သည့် စက်ချုပ်သင်တန်း၊ အိမ်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေး ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ကျန်းမာရေးကဏ္ဍ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဆက်သွယ်ရေးကွန်ရက်များ တပ်ဆင်ပေးထားမှု၊ ပညာရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိမိအနေဖြင့် ကိုကိုးကျွန်းမြို့သို့ လာရောက်ခဲ့သည်မှာ အကြိမ် ၂၀ ခန့်ရှိပြီဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့ တိုးတက်စေရေး မိမိအနေဖြင့် လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ ယခင်ကနှင့် လုံးဝမတူတော့ဘဲ ဖွံ့ဖြိုးတိုးတက်မှုရှိလာသည်မှာ မျက်ဝါးထင်ထင်ပင် ဖြစ်ကြောင်း၊ မိမိတို့မှ မည်သို့ပင် ဆောင်ရွက်ပေးသည် ဖြစ်စေ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း အားထုတ်သွားကြရန်လည်း လိုကြောင်း။

ကိုကိုးကျွန်းမြို့တွင် လယ်မြေများမရှိကြောင်း၊ သွားလာ စားသောက်ရေးနှင့် ပတ်သက်၍ စိန်ခေါ်မှုများရှိကြောင်း၊ သွားလာရန်ခက်ခဲသည့် အချိန်တွင် စားသောက်ရေးအတွက် အခက်အခဲမဖြစ်စေရန် လိုကြောင်း၊ ထို့ကြောင့် မြို့တွင်နေထိုင်ကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူများအနေဖြင့် ဝိုင်းဝန်း၍ ဆောင်ရွက်ကြရန် လိုကြောင်း၊ မြို့မြေများတိုးချဲ့ရာတွင် စိုက်ပျိုးမြေများမထိခိုက်စေရေး ကြိုတင်စဉ်းစားတွက်ချက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်ရှိသည့် ပြည်သူများ မပူမပင်ဖြင့် စားသောက်နိုင်စေရေး အမြဲဆန်ဖူလုံမှုရှိအောင် တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဝမ်းစာဖူလုံရေးအတွက် စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

လယ်ယာများ၊ ကုန်းမြင့်ယာများကို ဖော်ထုတ်သွားရန်လိုကြောင်း၊ ထိုသို့ ဖော်ထုတ်နိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုစေလွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ စားရေးနှင့်ပတ်သက်၍ ကိုကိုးကျွန်းမြို့တွင် နေထိုင်ကြသည့် ပြည်သူများ၏ အရေးအတွက်ကို တွက်ချက်၍ ပထမအဆင့် ၂၅ ရာခိုင်နှုန်းဖူလုံစေရန်၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်း ဖူလုံစေရန်၊ ထို့မှတစ်ဆင့် ၁၀၀ ရာခိုင်နှုန်း ပြည့်မီသည်အထိ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏ ဒေသဝမ်းစာပြည့်မီရေးအတွက် ဒေသအကျိုးကိုကြည့်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ရေရှည်ကိုကြည့်၍ စနစ်တကျ တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများသာမက တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဆိတ်မွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်

စာမျက်နှာ ၆ သို့ ✪

- ☆ **ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအားလုံး ဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လို**
- ☆ **ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးရန် ရည်မှန်းထား**
- ☆ **ကိုကိုးကျွန်းမြို့တွင် တာဝန်ထမ်းဆောင်နေသူများအနေဖြင့် ဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများမြင့်မားစေရေး ဆောင်ရွက်**

✪ စာမျက်နှာ ၅ မှ

ကိုကိုးကျွန်းနေ ပြည်သူများ၏ အချက်အလက်များကို ကောက်ယူ၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ရွာတည်ဆောက်ရေးလုပ်ငန်းများအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန် လိုကြောင်း။

**ဆောင်ရွက်**

ကိုကိုးကျွန်းဒေသတွင် အခြေခံအားဖြင့်ရှိပြီးဖြစ်သည့် အုန်းပင်များမှ အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်၍ရကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းဒေသမှ အုန်းထွက်ပစ္စည်းများထုတ်လုပ်နိုင်ရေး မိမိအနေဖြင့် ဆောင်ရွက်ပေးထားကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ယခုထက် ပိုမိုကောင်းမွန်သည့် အုန်းမျိုးများ စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ဒေသတွင် အခြေခံအကျဆုံး ပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မိမိတို့ဒေသမှ ထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန် အတွက် အသိပညာ၊ အတတ်ပညာများ လိုအပ်ကြောင်း၊ ထို့ကြောင့် အတန်းပညာများ မြင့်မားစေရေး ဆောင်ရွက်ပေးရန် လိုကြောင်း၊ အတန်းပညာ တတ်မြောက်ပြီးသူများအား အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်းများကို သင်ကြားပေးမည်ဆိုပါက ကိုကိုးကျွန်းမြို့တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းတိုးတက်လာမည်ဖြစ်ကြောင်း။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများအားလုံးဝိုင်းဝန်း၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကိုကိုးကျွန်းဒေသတွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ပေးရန် ရည်မှန်းထားကြောင်း၊ ထို့ကြောင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်နေထိုင်ကြသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ကိုကိုးကျွန်းမြို့တွင် တာဝန် ထမ်းဆောင်နေသူများအနေဖြင့် ဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများမြင့်မားစေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

ပညာသင်ကြားရာတွင် ဆရာဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို အတန်းအလိုက် ပညာများတတ်ကျွမ်းမှုရှိစေရေး သင်ကြားပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုကိုးကျွန်းမြို့တွင် ပညာသင်ကြားမှု အနေဖြင့် ကျောင်းသားနှင့် ဆရာ ဆရာမ အချိုး ကောင်းမွန်သည့်အတွက် ပညာသင်ကြားရေးကို ပိုမိုဆောင်ရွက်နိုင်ပြီး ပညာရည် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ကြောင်း၊ ဒေသတွင်း ပညာတတ်များ ပိုမိုကြွယ်ဝလာမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူ ပြုစေနိုင်ကြောင်း။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ကိုကိုးကျွန်းမြို့ရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကိုကိုးကျွန်းမြို့ အထက်တန်းကျောင်းအတွက် စာရေးကိရိယာများကို လည်းကောင်း ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကိုကိုးကျွန်းမြို့နယ် အထက်တန်းကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးက ရွေးကောက်ပွဲကို အပိုင်းလိုက် ကျင်းပသွားမည်ဖြစ်ရာ အပိုင်း(၁) ပြုလုပ်မည့်နေ့ရက်နှင့် မြို့နယ်များကို ကြေညာပြီးဖြစ်၍ ဆက်လက်ကျင်းပမည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီအားလုံး ဝင်ရောက်ယှဉ်ပြိုင်စေလိုသော်လည်း ဥပဒေနှင့်ညီညွတ်မှသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူစေရန်အတွက် သတ်မှတ်ကာလအတွင်း တင်ပြရမည့် ပါတီဝင်အင်အား၊ ဖွင့်လှစ်ရမည့် ပါတီရုံးခန်းအရေအတွက်များကို ပြင်ဆင်ဖြေလျှော့ပေးခဲ့သော်လည်း မတင်သွင်းနိုင်သည့် ပါတီ ၄ ပါတီကို ဖျက်သိမ်းခဲ့ရပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ ရက်တိုးမြှင့် သတ်မှတ်ပေးနိုင်ရေး နိုင်ငံရေးပါတီများမှ တောင်းဆိုခြင်းများရှိခဲ့ပါကြောင်း၊ ကိုယ်စားလှယ်လောင်း တင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့် ကိုယ်စားလှယ်လောင်း အရေအတွက်ကိုလည်း ပြင်ဆင်သတ်မှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် PR မဲဆန္ဒနယ်များအတွက် ဦးစားပေး အစီအစဉ်အတိုင်း ဖော်ပြထားသည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို နိုဝင်ဘာ ၃၀ ရက် မတိုင်မီ ကော်မရှင်သို့ ပေးပို့နိုင်ရေး အကြောင်းကြားပြီးဖြစ်၍ ထပ်မံအသိပေးပြောကြားလိုကြောင်း။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းပြုစုရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ရရှိသည့်စာရင်းအပေါ်တွင် အခြေခံ၍ Software များ အသုံးပြုတိုက်ဆိုင်စစ်ဆေး ပြုစုခြင်းဖြစ်ပါကြောင်း၊ မဲစာရင်းနှင့် စပ်လျဉ်း၍ ကြေညာချက်များ၊ နှိုးဆော်ချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ထားပါကြောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူများ မဲပေးနိုင်ရေးအတွက် ရောက်ရှိနေရာတွင် မဲပေးနိုင်ရေးနှင့် မူလနေရပ်သို့ ကြိုတင်မဲပေးနိုင်ရေး နည်းလမ်း ၂ မျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲ မကျင်းပနိုင်သည့် ၅၆ မြို့နယ်ရှိ မဲဆန္ဒရှင်များအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းမပြုမီ စိစစ်နိုင်ရေး နိုင်ငံရေးပါတီများသို့ ဖိတ်ကြားသွားမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ၏ အသက်သည် မဲစာရင်းဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း။

ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့နှင့်စပ်လျဉ်း၍ ကြေညာချက်ထုတ်ပြန်ပြီးဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြနိုင်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့် အပိုင်းတစ်ပိုင်းတည်းအတွက် မဟုတ်ဘဲ ရွေးကောက်ပွဲ အပိုင်းအားလုံးအတွက် ယင်းကာလအတွင်း မဲဆွယ်စည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်သည့်အခါ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က၊ နည်းဥပဒေ အခန်း(၁၀)ပါ သတ်မှတ်ချက်များ၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များနှင့် အခန်း(၁၄)တွင်ပါသည့် တရားမဲ့ပြုကျင့်မှုများကို အထူးသတိပြုရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပါတီဝင်များ၊ ပါတီထောက်ခံသူများကိုလည်း သိရှိအောင် အသိပေးထိန်းကျောင်းရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူခံရမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက် ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့် ငြိစွန်းခြင်း မရှိစေရေးကိုလည်း သတိပြုစေလိုပါကြောင်း။

လွှတ်တော် (၃)ရပ်တွင် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအနေဖြင့် ရွေးကောက်ပွဲကုန်ကျစရိတ် ငွေကျပ် သိန်းတစ်ရာ့ငါးဆယ်၊ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးအနေဖြင့် ငွေကျပ် သိန်းသုံးရာအထိ သုံးစွဲခွင့်ရှိပါကြောင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ်များကို စနစ်တကျမှန်ကန်စွာ စာရင်းပြုစုရေးသွင်းထားပြီး သတ်မှတ်ရက်အတွင်း သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၌ တင်သွင်းရမည်ဖြစ်ပါကြောင်း၊ သတ်မှတ်ထားသည့် ရက်အတွင်း မတင်သွင်းပါက ခုံအဖွဲ့ဖွဲ့၍ စစ်ဆေးပြီး အရည်အချင်း ပျက်ယွင်းသူအဖြစ် ထုတ်ပြန် ကြေညာသွားမည်ဖြစ်ပါ၍ ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို အချိန်မီတင်သွင်းကြရန် မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ကော်မရှင်တစ်ခုတည်းဖြင့် ဆောင်ရွက်မရပါကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်း ပါဝင်ဆောင်ရွက်ကြမှသာ လွတ်လပ်၍တရားမျှတပြီး အောင်မြင်သော ရွေးကောက်ပွဲဖြစ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများက ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီ ၅၇ ပါတီမှ ဥက္ကဋ္ဌများ၊ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**ရက် ၇၀**

**သာ လိုတော့သည်။**

### လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ (၁၀-ခ)များ ကပ်ထားကြေညာမည့်နေ့ရက် အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်

၁။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများတွင် ၈-၉-၂၀၂၅ ရက်နေ့မှ ၂၂-၉-၂၀၂၅ ရက်နေ့အထိ အမည်စာရင်းတင်သွင်းလွှာများကို တင်သွင်းခဲ့ကြပြီးဖြစ်ပါသည်။

၂။ အဆိုပါလွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများက ၂၃-၉-၂၀၂၅ ရက်နေ့မှ ၄-၁၀-၂၀၂၅ ရက်နေ့အထိ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်းကို ဆောင်ရွက်ခဲ့ကြပြီးဖြစ်၍ စိစစ်လက်ခံအတည်ပြုထားသော သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် ရွေးကောက်တင်မြှောက်ခံကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက်ပုံစံ(၁၀)၊ ပုံစံ(၁၀-က)နှင့် ပုံစံ(၁၀-ခ) များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၉-၁၀-၂၀၂၅ ရက်နေ့၌ တစ်ပြိုင်တည်းကပ်ထားကြေညာမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

အနည်းဆုံးရက်ပေါင်း (၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၈၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ရုရှား ဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ (၈)ကြိမ်မြောက် ရုရှားစွမ်းအင် ရက်သတ္တပတ် အပြည်ပြည်ဆိုင်ရာဖိုရမ်(REW) သို့ တက်ရောက်နေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီး Mr. Sergey Tsivilyov နှင့် တွေ့ဆုံရာ တွေ့ဆုံဆွေးနွေးပွဲသို့ ရုရှားနိုင်ငံပိုင် စွမ်းအင်ဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သော INTER RAO Export နှင့် JSC RosGeo အဖွဲ့အစည်းများ၏ အကြီးအကဲများ ပါဝင်တက်ရောက်ကြသည်။

တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ နည်းပညာများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ ဘူမိရူပဗေဒနှင့် ရေနံအင်ဂျင်နီယာ ဘာသာရပ်နယ်ပယ်များတွင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင် လက်တွေ့သင်တန်းများ လက်ခံသင်ကြားပေးမည့်ကိစ္စများ၊ ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းကိစ္စများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ သဘာဝဓာတ်ငွေ့သုံး Gas Turbine များ စွမ်းအားမြှင့်တင်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဉာဏ်ရည်တုနည်းပညာ (AI)အသုံးပြု၍ ပါးလွှာသဲကြောများမှ သဘာဝဓာတ်ငွေ့ထုတ်ယူရရှိရေး ရှေ့ပြေးစီမံကိန်း(Pilot Project to Extract Natural Gas From Thin Sands Using Artificial Intelligence Technology)အဖြစ် အဖျောက်သဘာဝ ဓာတ်ငွေ့မြေရှိတွင်း ငါးတွင်းတွင် ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာန နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC RosGeo ကုမ္ပဏီတို့အကြား လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုခြင်းကို နှစ်နိုင်ငံ စွမ်းအင်ဝန်ကြီးများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးသည်။ ယခုချုပ်ဆိုခဲ့သည့် စီမံကိန်းသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဉာဏ်ရည်တုနည်းပညာ(AI)ကို အသုံးပြု၍ ပထမဆုံး ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် စီမံကိန်း တစ်ခုဖြစ်ပြီး သဘာဝဓာတ်ငွေ့ ထုတ်ယူနိုင်ရန် အလားအလာကောင်းများရှိသည့် အဖျောက် သဘာဝဓာတ်ငွေ့မြေတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် JSC RosGeo ကုမ္ပဏီမှ CEO ဖြစ်သူ Mr. Sergey Ratkov ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာ AI နည်းပညာအသုံးပြုပြီး GeoAudit Technology ဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်သည့်အတွက် အကျိုးဖြစ်ထွန်း လျက်ရှိနေသည့် ရေနံမြေများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ အပါအဝင် မြေအောက်သယံဇာတများအား ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို စနစ်ကျစွာ စီမံခန့်ခွဲနိုင်ရန်နှင့် Potential ဧရိယာများ ဖော်ထုတ်နိုင်ရန်အတွက် ခေတ်မီနည်းပညာဖြင့် ဘူမိမြေပုံများ ရေးဆွဲသည့် နည်းပညာဆိုင်ရာ ကိစ္စရပ်များ၊ ရေနံအထွက်တိုး ရှာဖွေခြင်း လုပ်ငန်းများနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ဘူမိဗေဒနှင့် ဘူမိရူပဗေဒနယ်ပယ်တွင် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရန်အတွက် လုပ်ငန်းခွင် လက်တွေ့သင်တန်းများ စေလွှတ်နိုင်ရေးဆိုင်ရာကိစ္စများကို အမြင်ချင်း ဖလှယ် ဆွေးနွေးပြီး JSC RosGeo ကုမ္ပဏီပိုင် ရုရှား State Geological Museum အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် Gaztroprom International Limited မှ General Director ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံ၍ ထားဝယ် ရေနက်ဆိပ်ကမ်းတွင် ရေနံချက်စက်ရုံ တည်ဆောက်နိုင်ရေး အတွက် အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်သည့်ရေနံစိမ်းများရရှိရေးနှင့် ထွက်ရှိလာသည့် ရေနံထွက်ပစ္စည်းများကို ပြည်တွင်းတွင်သာမက ဒေသတွင်းနိုင်ငံများသို့ ဖြန့်ဖြူးရောင်းချပေးမည့် အလားအလာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ အဆင့်မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး သက်ဆိုင်ရာ ပညာရှင်များပါဝင်သည့် ဖြစ်နိုင်ချေစွမ်းဆန်းစစ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် စေလွှတ်မည့်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ကြသည်။

ထိုသို့ ပြည်နယ်/ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။



ထို့နောက် မွန်ပြည်နယ် မော်လမြိုင်ငန်းတေးဂေါက်ကလပ် Y Golf Range ဖွင့်ပွဲအခမ်းအနားကို အဆိုပါဂေါက်ကလပ်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအထိမ်းအမှတ် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ငန်းတေးဂေါက်ကလပ်အမှုဆောင်အဖွဲ့ဝင်များနှင့် Myanmar YAO Mandalay Group ကုမ္ပဏီတာဝန်ရှိသူများက မော်လမြိုင်ငန်းတေးဂေါက်ကလပ် Y Golf Range ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က Y Golf Range အတွင်း smoke ball ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက flash ball ရိုက်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မွန်ပြည်နယ်(၂၀၂၅-၂၀၂၆) ပညာသင်နှစ် အခြေခံပညာအထက်တန်း သိပ္ပံဘာသာရပ်များအတွက် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့် မွမ်းမံသင်တန်း(ပြည်နယ်အဆင့်) သင်တန်းဖွင့်ပွဲကို မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှင်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၏ စွမ်းရည်များ၊ အရည်အသွေးများမြှင့်တင်စေရန်နှင့် အထက်တန်းဆင့် သိပ္ပံဘာသာရပ်များ သင်ယူနေသော ကျောင်းသား ကျောင်းသူများအနေဖြင့် သိပ္ပံလက်တွေ့သင်ခန်းစာများကို ကိုယ်တိုင်လက်တွေ့ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ယခု စွမ်းရည်မြှင့်သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အခြေခံပညာအထက်တန်းအဆင့်တွင် သိပ္ပံဘာသာရပ်များအတွက် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ၍ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု၊ မွန်ပြည်နယ်ပညာရေးမှူးက သင်တန်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများဖြင့် စာသင်ခန်းများတွင်လက်တွေ့သရုပ်ပြ သင်ကြားပြသနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းမုန့်ဆိုင်ဈေးတန်းတွင် စားသောက်ဖွယ်ရာများ ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါသင်တန်းကို နှစ်ရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး ပြည်နယ်အတွင်းမှ ဓာတုဗေဒဘာသာ၊ ရူပဗေဒဘာသာ၊ ဇီဝဗေဒဘာသာရပ်သင် ဆရာ ဆရာမ သင်တန်းသား စုစုပေါင်း ၇၉၁ ဦးတက်ရောက်ကြကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသည့်လမ်းလုပ်ငန်းများ ပြုပြင်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးသွားသည့် လမ်းလုပ်ငန်းများ ပြုပြင်ဆောင်ရွက်နေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့်အတူ အောက်တိုဘာ ၁၆ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (မန္တလေးတိုင်းဒေသကြီးအပိုင်း) မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်(၄၇/၀-၄၇/၃)အတွင်း ချောင်းရေ တိုက်စားမှုကြောင့် လမ်းသားပဲ့ကျမှု ဖြစ်ပွားခဲ့သည့် နေရာများကို Soil Reinforcement Retaining Wall တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်(၄၉/၄-၅) အတွင်း ဆောင်ရွက်နေသော ၄၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကုမ္ပဏီ စီမံကိန်းအင်ဂျင်နီယာက ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဌာနမှ သတ်မှတ်ပေးထားသည့်လမ်းဒီဇိုင်း၊ Retaining Wall ဒီဇိုင်းများအတိုင်း သေချာစွာဆောင်ရွက်သွားရန်၊ ကွန်ကရစ်လမ်းလုပ်ငန်း ဆောင်ရွက်ရာတွင် လမ်းပခုံး၌ တစ်ဆက်တည်း ထည့်သွင်းတည်ဆောက်သွားရန်၊ ပေးထားသော ဒီဇိုင်းအတိုင်း expansion Joint များ ထည့်သွင်းတည်ဆောက်ရန်နှင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အန္တရာယ်ကင်းရှင်းရေး အလေးထား၍ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။





ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်(၅၄/၃ -၅၄/၄)အတွင်း တောင်ကျချောင်းရေ တိုက်စားမှုကြောင့် လမ်းသားပဲ့ကျမှု ဖြစ်ပွားခဲ့သည့် နေရာကို ရေလမ်းကြောင်းဖြော့ခြင်းလုပ်ငန်းနှင့် ချောင်းရေလမ်းကြောင်းလွှဲခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်(၅၇/၁ -၅၇/၂)အတွင်း လမ်းသားပဲ့ကျမှုဖြစ်ပွားခဲ့သည့် နေရာကို Soil Reinforcement Retaining Wall တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မိုင်တိုင်(၅၇/၁-၂)ကြား retaining wall တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေး

ကြယ်စင်ဖေသင်

**ဖွံ့ဖြိုးတိုးတက်မှုဟာ ဖြစ်ထွန်းမှုတွေ၊ အသစ်ဖန်တီးမှုတွေနဲ့ စည်စည်ကားကားရှိနေပေမယ့် စစ်ပွဲတွေကတော့ အရာအားလုံးကို ဖျက်ဆီးပစ်ဖို့ကိုပဲ ဦးတည်နေပြီး တွေ့သမျှမြင်ကွင်းကို အနိဋ္ဌာရုံတွေနဲ့ ပြည့်နေစေတော့တာပါပဲ။ စစ်နဲ့ကြုံလိုက်ရင် ရုပ်ဝတ္ထုမှန်သမျှဟာ ပျက်စီးသွားနိုင်တယ်။ လူ့အပါအဝင်သက်ရှိအရာမှန်သမျှကို အပြင်ဒဏ်ရာတွေများစွာဖြစ်သွားစေနိုင်သလို ကုသရခက်တဲ့ နက်နက်ရှိုင်းရှိုင်း ကြေကွဲစရာဝေဒနာတွေကိုပါ ဖြစ်သွားစေပါတယ်။**

စစ်ဟာ လူ့အသိုင်းအဝိုင်းတစ်ခု အပေါ် ဘယ်လောက်တောင်သက်ရောက် စေပါသလဲ။ ၂၀ ရာစု အစောပိုင်းကာလရဲ့ ဩဇာအရှိဆုံးစီးပွားရေးပညာရှင် ဂျွန်မေ နတ်စ် ကိန်း(John Maynard Keynes ) ကတော့ ငြိမ်းချမ်းရေးရဲ့စီးပွားရေး အကျိုးဆက်များ (The Economic Consequences of the Peace) စာအုပ် ထဲမှာ **“စစ်ဆိုသောအရာသည် မည်သူပင် နိုင်သည်ဖြစ်စေ ကျွန်ုပ်တို့၏ ယဉ်ကျေးမှု နှင့် မျိုးဆက်တို့၏ အနာဂတ်ကို ဖျက်ဆီး ပစ်တတ်သည်”** လို့ ရေးထားတယ်။

**ပစ္စုပ္ပန်ရော အနာဂတ်ကိုပါ တစ်ပြိုင်နက် ဖျက်ဆီးပစ်နိုင်**

စစ်ဟာ ပစ္စုပ္ပန်ရော အနာဂတ်ကိုပါ တစ်ပြိုင်နက် ဖျက်ဆီးပစ်နိုင်တဲ့အရာ ဖြစ်တယ်။ စစ်ပွဲအတွင်းမှာရော စစ်ပွဲ ကာလအလွန်မှာပါ ရုပ်ဝတ္ထု အပျက်အစီး တွေဖြစ်စေတယ်။ သက်ရှိသတ္တဝါ လူသား တွေကိုတော့ ကိုယ်ခန္ဓာအတွင်းအပြင် ဝေဒနာအစုံဖြစ်စေတယ်။ စစ်ပွဲတစ်ခုရဲ့ မြင်ကွင်းကို မှန်းဆမြင်ယောင်ကြည့်တဲ့ အခါ သေနတ်သံ၊ ဗုံးသံတွေကြားမှာ ကြောက်လန့်တကြားနဲ့ ပြေးလွှားနေတာ တွေ၊ ထိခိုက်ဒဏ်ရာရ ခံစားမှုဝေဒနာ တွေ၊ သက်မဲ့ရုပ်အလောင်းတွေ၊ စစ်နဲ့ ဘယ်လိုမှမပတ်သက်တဲ့ ကလေးငယ် တွေ၊ သားသည်မိခင်တွေ၊ အမျိုးသမီး တွေ၊ သက်ကြီးရွယ်အိုတွေရဲ့ စိုးရိမ် ထိတ်လန့်နေတဲ့မျက်နှာတွေ မြင်ကွင်း ထဲရောက်လာပါလိမ့်မယ်။ စိတ်ကူးရုံနဲ့ တင် စစ်ပွဲရဲ့ရက်စက်မှုတွေက နှလုံးသား ကို တိုက်ရိုက်သက်ရောက်လာတတ်ပြီး ကြေကွဲစရာတွေ ခံစားသွားရနိုင်ပါ တယ်။

စစ်ဖြစ်နေတဲ့ ဒေသတစ်ခုဟာ သုသာန်တစ်စပြင်လိုပါပဲ။ လူတွေ ကျီးလန့် စာစား ပြေးလွှားအသက်ရှင်နေရတဲ့ အရပ်ဖြစ်သွားတယ်။ စစ်ပွဲတွေပြီးသွားခဲ့ ရင်လည်း စစ်ကပေးတဲ့ ဝေဒနာတွေက ချက်ချင်းရပ်သွားမှာ မဟုတ်ဘူး။ အပြင် ဒဏ်ရာတွေ ကျက်သွားတဲ့ ကာလတစ်ခု ကြာတဲ့အထိ စိတ်ဒဏ်ရာတွေက မပျောက်နိုင်သေးတာမျိုး၊ လူမှုရေး၊စီးပွား ရေးမတည်ငြိမ်မှုတွေနဲ့ အနာဂတ် မျှော်လင့်ချက်ကင်းမဲ့ပြီး အသက်ရှင်ရပ် တည်နေရတာမျိုးတွေလည်း ရှိနေတတ် ပါတယ်။ စစ်ပွဲကြောင့် တစ်စုံတစ်ယောက် သေကျေပျက်စီးခဲ့ရင်ဖြစ်ဖြစ် ဒါမှမဟုတ် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခု ထိခိုက် ဒဏ်ရာရသွားတယ်ပဲဖြစ်ဖြစ် အကျိုး ဆက်ကတော့ အဲဒီတစ်ယောက်မှာပဲ ပြီးဆုံးမသွားပါဘူး။ ထိခိုက်သွားတဲ့ လူတစ်ယောက်နဲ့ ပတ်သက်ဆက်နွှယ်နေ တဲ့ လူမှုအသိုက်အဝန်း အနာဂတ်ကိုပါ ထိခိုက်သွားပါတော့တယ်။

အဲဒီလူနဲ့ ပတ်သက်တဲ့၊ သူ့ကို မှီခိုနေ တဲ့ ဘဝတွေ အားလုံးအပေါ် ဆက်တိုက် သက်ရောက်သွားတတ်ပါတယ်။ လူမမည် လေးတွေ အားကိုးမဲ့သွားမယ်၊ မှီခိုသူ သက်ကြီးရွယ်အိုဘဝတွေ ပိုပြီးချည့်နဲ့ သွားမယ်၊ ဖြစ်တည်ထားတဲ့ မိသားစု အသိုက်အမြုံလေး ပြိုကွဲပျက်စီးသွားပြီး သောကတွေ ပင်လယ်ဝေသွားမယ်၊ လူငယ် တွေကျန်ခဲ့မယ်ဆိုရင် အနာဂတ်ရည်မှန်း ချက်တွေမှေးမှိန်သွားသလို၊ ပျောက်ပျယ် သွားသလို ခံစားကြရပါလိမ့်မယ်။

> **လူတွေဟာ စစ်ပွဲကို မကြိုက်ကြပါဘူး။ ဒါပေမဲ့ စစ်ပွဲကို မက်မက်မောမောနဲ့ ဖန်တီးနေတဲ့ လူတွေလည်း ရှိကြတယ်ဆိုရင် ယုံချင်မှယုံကြပါလိမ့်မယ်။ လူတိုင်းမကြိုက်တဲ့ စစ်ပွဲတွေကို ကိုယ်ကျိုးစီးပွား၊ ကိုယ့်အတ္တအတွက် နှစ်နှစ်ခြိုက်ခြိုက် ဖန်တီးနေသူတွေ ဒီကမ္ဘာပေါ်မှာ ရှိနေပါတယ်။ ဘာလို့ ဒီလိုဖန်တီးနေကြပါသလဲ ။ သေချာတာကတော့ တစ်ဦးတစ်ယောက် ဒါမှမဟုတ် အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့ရဲ့ ကိုယ်ကျိုးစီးပွားတွေအတွက်ကြောင့်ပါပဲ။ အဲဒီအကျိုးစီးပွားတွေရဲ့နောက်မှာ ထုထည်ကြီးမားတဲ့ လောဘ၊ ဒေါသ တွန်းအားတွေရှိနေပါတယ်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကြားမှာဖြစ်နေတဲ့ စစ်ပွဲတွေမှာဆို ပယောဂတွေမျိုးစုံ ရှုပ်ယှက်ခတ်နေတာပဲ။ အဲဒီပယောဂတွေကိုက သေနတ်တွေ၊ အမြောက်တွေ၊ ကျည်ဆန်၊ ဗုံးဆန်တွေ ထပ်တိုးအင်အား ဖြည့်ပေးတတ်ပြီး စစ်ပွဲတွေကို ပိုပြီးကြီးမား၊ အားကောင်းစေလာတော့တာပဲ**

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေး၊ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ဆက်စပ်ပြီးတွေးကြည့် ရင် စစ်ပွဲတွေဟာ နိုင်ငံ့စီးပွားရေး အခြေ အနေတွေ၊ အရင်းအမြစ်ခွဲဝေမှုတွေ၊ ဝင်ငွေခွဲဝေမှုတွေကို မတည်မငြိမ်ဖြစ်စေ ပြီး အနုတ်လက္ခဏာကို ဦးတည်တဲ့ အပြောင်းအလဲတွေ အများကြီးဖြစ်သွား စေနိုင်ပါတယ်။ ကုန်ထုတ်စွမ်းအားစုတွေ ရဲ့ တန်ဖိုးတွေပြောင်းလဲသွားတယ်၊ ကုန်စည်ဈေးနှုန်းတွေလည်း အပြောင်း အလဲတွေဖြစ်လာပြီး ဈေးကွက်အခြေ အနေအပြောင်းအလဲ သိပ်မြန်တာတို့၊ မတည်မငြိမ်ဖြစ်တာတို့ပါ ကြုံလာရနိုင် တယ်။

စစ်ပွဲတွေဟာ ဒီမိုကရေစီတို့၊ ဈေးကွက်စီးပွားရေးဆိုတဲ့ အစီအစဉ်တွေ အတွက်လည်း ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးနိုင်စွမ်းမရှိဘူး။ ဥပဒေမဲ့ လှုပ်ရှားတတ်တဲ့ မြေအောက်စီးပွားရေး တို့၊ မှောင်ခိုစီးပွားရေးတို့ တွင်ကျယ်လာ ပြီး တစ်နပ်စားစီးပွားရေးလုပ်သူတွေ အလုပ်ဖြစ်စေတယ်။ စစ်ပွဲတွေရဲ့အကျိုး ဆက်တွေထဲမှာ စာနာသလိုလို၊ ကူညီ သလိုလိုနဲ့ ဘေးပတ်ဝန်းကျင်ရဲ့ လူလည် ကျ၊ အနိုင်ကျင့်မှုတွေကလည်း ကြုံရနိုင် ပါသေးတယ်။ ဆိုလိုတာက စစ်ဒဏ်သင့် နေတဲ့နိုင်ငံ၊ ဒေသတွေက စီးပွားရေးအခွင့် အလမ်းတွေကို တခြားနိုင်ငံတွေက အချောင်လာနှိုက်တာမျိုး၊ လူမှုရေးကိစ္စ တွေမှာ အနိုင်လာကျင့်တာမျိုးတွေ ရှိလာ သလို နိုင်ငံရေးတွေမှာလည်း သိသိ သာသာရော မသိမသာပါ ဝင်ရောက် ပတ်သက်၊ သွေးထိုးသပ်လျှိုမှုတွေလည်း ရှိလာတတ်ပါတယ်။

လူတွေဟာ စစ်ပွဲကို မကြိုက်ကြပါ ဘူး။ ဒါပေမဲ့ စစ်ပွဲကို မက်မက်မောမော နဲ့ ဖန်တီးနေတဲ့လူတွေလည်း ရှိကြတယ် ဆိုရင် ယုံချင်မှယုံကြပါလိမ့်မယ်။ လူတိုင်း မကြိုက်တဲ့ စစ်ပွဲတွေကို ကိုယ်ကျိုးစီးပွား၊ ကိုယ့်အတ္တအတွက် နှစ်နှစ်ခြိုက်ခြိုက် ဖန်တီးနေသူတွေ ဒီကမ္ဘာပေါ်မှာ ရှိနေပါ တယ်။ ဘာလို့ ဒီလိုဖန်တီးနေကြပါသလဲ။ သေချာတာကတော့ တစ်ဦးတစ်ယောက် ဒါမှမဟုတ် အုပ်စုတစ်စု၊ အဖွဲ့တစ်ဖွဲ့ရဲ့ ကိုယ်ကျိုးစီးပွားတွေ အတွက်ကြောင့် ပါပဲ။ အဲဒီအကျိုးစီးပွားတွေရဲ့နောက်မှာ ထုထည်ကြီးမားတဲ့ လောဘ၊ ဒေါသ တွန်းအားတွေရှိနေပါတယ်။ တစ်နိုင်ငံ နဲ့ တစ်နိုင်ငံကြားမှာဖြစ်နေတဲ့ စစ်ပွဲတွေ မှာဆို ပယောဂတွေမျိုးစုံ ရှုပ်ယှက်ခတ် နေတာပဲ။ အဲဒီပယောဂတွေကိုက သေနတ်တွေ၊ အမြောက်တွေ၊ ကျည်ဆန်၊ ဗုံးဆန်တွေ ထပ်တိုးအင်အားဖြည့် ပေးတတ်ပြီး စစ်ပွဲတွေကို ပိုပြီးကြီးမား၊ အားကောင်းစေလာတော့တာပဲ။

**ပန်းတိုင်အဖြစ် ထည့်သွင်းထား**

ဖျက်ဆီးတတ်တဲ့သဘာဝရှိတဲ့ စစ်ပွဲ တွေဟာ တစ်ကမ္ဘာလုံးက လိုလိုလားလား အားထုတ်နေတဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ နဲ့ ပြဒါးတစ်လမ်းသံတစ်လမ်း၊ တခြားစီ ပါပဲ။ ကမ္ဘာပေါ်က နိုင်ငံအများစုပါဝင် တဲ့ ကုလသမဂ္ဂအဖွဲ့ကြီးကိုယ်တိုင်က ၂၀၁၅ ခုနှစ်မှာ ချမှတ်ထားတဲ့ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင် ၁၇ ချက်မှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့အချက်ကို ပန်းတိုင်အဖြစ် ထည့်သွင်းထားတာကို တွေ့ကြရပါလိမ့် မယ်။

ဒီတော့ စစ်ရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ငြိမ်းချမ်းရေးဆိုတာ တစ်ကမ္ဘာလုံးက လိုချင်နေတဲ့အရာဆိုတာ သေချာတဲ့ကိစ္စ ပါ။ ဒီလိုဆိုရင် အားလုံးလိုချင်တဲ့ ငြိမ်းချမ်းရေးဆိုတာကို ဘယ်လိုနားလည် ထားကြသလဲ။ ပညာရှင်တွေ၊ သုတေသီ တွေကတော့ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆို ရှင်းပြထားပေမယ့် ကာလရှည် အေးအေး ချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်နဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေအရပ်ရပ် ဖြစ်ပေါ်နေတယ်ဆိုရင်ပဲ သာမန်လူတွေ လက်လှမ်းမီတွေးဆနိုင်တဲ့ ငြိမ်းချမ်းရေး လို့ဆိုရမှာပါ။

လက်နက်ကိုင်တိုက်ခိုက်မှုတွေ မရှိ တာနဲ့ ငြိမ်းချမ်းပြီလို့ဆိုနိုင်ပေမယ့် ကာလရှည်ကတော့ မငြိမ်းချမ်းနိုင်ဘူး။ ရရှိထားတဲ့ငြိမ်းချမ်းမှုကလည်း မတည်တံ့ နိုင်ဘူး။ ဒီတော့ ရေရှည်တည်တံ့မယ့် စစ်မှန်တဲ့ ငြိမ်းချမ်းရေး ဖြစ်ဖို့လိုပါတယ်။ အချိန်အကြာကြီး တည်တံ့တဲ့ စစ်မှန်တဲ့ ငြိမ်းချမ်းရေးဆိုတာ ကိုယ်ချင်းစာစိတ်၊ အမြော်အမြင်ရှိတဲ့ စိတ်ထားတွေ အားကောင်းနေတဲ့ နေရာမျိုးမှာမှ တည်ရှိနိုင်မှာပါ။ အဲဒီလိုငြိမ်းချမ်းရေးမျိုး ရခဲ့ရင်တော့ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားတက်စရာ ဖြစ်လာနိုင်တာပေါ့။

ဒီကမ္ဘာမြေပေါ်မှာ ရှင်သန်နေတဲ့ လူသားတွေ အတော်များများမှာ မွန်မြတ် တဲ့ စိတ်ထား၊ နှလုံးသားတွေရှိနေပါသေး တယ်။ နှလုံးခုန်သံမရပ်သေးတဲ့ အချိန် လေးမှာရလာနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှု တွေကို ကိုယ်တိုင်ခံစားချင်တဲ့၊ အနာဂတ် မျိုးဆက်တွေအတွက် အမွေကောင်းတွေ ချန်ထားချင်တဲ့ မျှော်လင့်ချက်စိတ်ကူး တွေပါပဲ။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဝါရင့်သမ္မာရင့် ဂျာမန်နိုင်ငံရေးသမား Willy Brandt ပြောခဲ့ဖူးတဲ့ စကားတချို့ ကို ပြန်စဉ်းစားမိတယ်။ Willy Brandt က **“ ငြိမ်းချမ်းရေးဟာ အရာရာတိုင်းကို မလုပ်ပေးနိုင်ပေမယ့် ငြိမ်းချမ်းရေး မရှိရင်တော့ ဘာမှမဖြစ်နိုင်ဘူး”** တဲ့။ ဒီတော့ လူတိုင်းဟာ ငြိမ်းချမ်းရေးကို မဖြစ်မနေ လိုချင်နေကြမှာပါပဲ။

> **လက်နက်ကိုင်တိုက်ခိုက်မှုတွေမရှိတာနဲ့ ငြိမ်းချမ်းပြီလို့ ဆိုနိုင်ပေမယ့် ကာလရှည်ကတော့ မငြိမ်းချမ်းနိုင်ဘူး။ ရရှိထားတဲ့ငြိမ်းချမ်းမှုကလည်း မတည်တံ့နိုင်ဘူး။ ဒီတော့ ရေရှည်တည်တံ့မယ့် စစ်မှန်တဲ့ငြိမ်းချမ်းရေးဖြစ်ဖို့လိုပါတယ်။ အချိန်အကြာကြီးတည်တံ့တဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးဆိုတာ ကိုယ်ချင်းစာစိတ်၊ အမြော်အမြင်ရှိတဲ့စိတ်ထားတွေ အားကောင်းနေတဲ့နေရာမျိုးမှာမှ တည်ရှိနိုင်မှာပါ။ အဲဒီလို ငြိမ်းချမ်းရေးမျိုးရခဲ့ရင်တော့ ဒေသတစ်ခု၊ နိုင်ငံတစ်ခုရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အားတက်စရာဖြစ်လာနိုင်**

**စစ်ပွဲဆိုတဲ့အရာက ချုပ်နှောင်ထားဆဲဖြစ်**

ငြိမ်းချမ်းရေးရရှိဖို့ဆိုတာ အပြော လွယ်သလောက် လက်တွေ့မှာတော့ မလွယ်လှဘူး။ ငြိမ်းချမ်းရေးပန်းတိုင်ဟာ မမျှော်မှန်းရဲလောက်အောင် ခမ်းနားကြီး ကျယ်နေသလား။ ငြိမ်းချမ်းရေးဆိုတာ ရဖို့ သိပ်ပြီးခက်ခဲနေတာလား။ ငြိမ်းချမ်း ရေး ချိုးငှက်ဟာ လွတ်လပ်စွာ ပျံသန်း ပြီး တေးသီကျူးချင်ပေမယ့် စစ်ပွဲဆိုတဲ့ အရာက ချုပ်နှောင်ထားဆဲဖြစ်သတဲ့။

မေတ္တာရပ်ခံပါရစေ။ လူ့အဖွဲ့အစည်း တစ်ရပ်၊ နိုင်ငံတစ်နိုင်ငံရဲ့ အနာဂတ်ဟာ ပစ္စုပ္ပန်ကာလ အမြော်အမြင်ရှိမှုတွေ အပေါ်မှာ အများကြီးမူတည်နေပါတယ်။ ဒီတော့ နိုင်ငံ့အနာဂတ်၊ မျိုးဆက်သစ်တွေ ရဲ့ အနာဂတ်အတွက် မျက်တောင်မွေး တစ်ဆုံးထက် ကျော်လွန်တဲ့၊ မျက်စိ အမြင်တစ်ဆုံးထက် ကျော်လွန်မြင်နိုင် စွမ်းရှိတဲ့ စိတ်ထားတွေနဲ့ ငြိမ်းချမ်းရေး အတွက် အားထုတ်နိုင်ကြပါစေလို့ ဆုတောင်းမိပါတယ်။

လူသားအားလုံးဟာ မမြဲခြင်း အနိစ္စ တရားကပ်လျက်နဲ့ အသက်ရှင်ရတဲ့သူ တွေပါ။ နှလုံးသွေးလည်ပတ်မှုရပ်လို့ ရှင်သန်မှုရပ်တန့်သွားခဲ့တဲ့အခါ တမလွန် ဘဝဆီကို ပိုင်ဆိုင်ထားတဲ့အရာတွေ၊ ရုပ်ဝတ္ထုမှန်သမျှ ဘာကိုမှယူသွားလို့ မရပါဘူး။ အသက်ရှင်သန်စဉ်က ပြုမူခဲ့ တဲ့ ရုပ်ပိုင်းဆိုင်ရာ၊ နှလုံးသွင်းခဲ့တဲ့ စိတ်ပိုင်းဆိုင်ရာ အဆိုးအကောင်းတွေရဲ့ အကျိုးဆက်တွေပဲ ပါသွားမှာပါ။ စိတ်ကောင်း၊ နှလုံးကောင်းတွေနဲ့ လုပ်ခဲ့ တာတွေကတော့ ကောင်းမှုအဖြစ်နဲ့ နောင်သံသရာအထိ အကျိုးသက်ရောက် မှုရှိနေမှာဖြစ်သလို ကျန်ရစ်ခဲ့တဲ့ကာယကံ ရှင်ရဲ့အသိုင်းအဝိုင်း၊ အနာဂတ်မျိုးဆက် တွေပါ ဂုဏ်ယူရမယ့် အမွေကောင်းတွေ အဖြစ် ကျန်ရစ်ခဲ့မှာပါ။

စစ်ပွဲဆိုတာကို ကြားကို မကြားချင် တော့ပါဘူး ။ ငြိမ်းချမ်းရေး စကားသံတွေ ကိုပဲ ကြားပါရစေတော့။ အမြန်ဆုံးပဲ ငြိမ်းချမ်းရေးဖြစ်ထွန်းစေချင်ပါတယ်။ ငြိမ်းချမ်းရေး တကယ်ရှိမှပဲ ဖွံ့ဖြိုးတိုးတက် မှုကို ပီပီပြင်ပြင် ထိထိရောက်ရောက် လှုပ်ရှားဆောင်ရွက်နိုင်မယ်။ ဖွံ့ဖြိုး တိုးတက်မှုဆိုတာကို သေချာပေါက် ရရှိ နိုင်မယ်လို့ယုံကြည်ပါတယ်။ ဒီတော့ အားလုံးဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးကို ဖွဲနပဲနဲ့ ဆက်ပြီးစောင့် နေကြပါပြီ။ ။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် စစ်ကိုင်းတိုင်းဒေသကြီးရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းမြို့ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အောက်ရှိရုံးအဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ မွန်းလွဲပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ စစ်ကိုင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်ဘဏ်ခွဲ၌ ဝန်ကြီးဌာနအောက်ရှိမြန်မာ့စီးပွားရေးဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်သူကို ဝန်ဆောင်မှုပေးနေသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေသည့်ဝန်ကြီးဌာန တစ်ခုဖြစ်ကြောင်း၊ ငလျင်ကြောင့် ရုံးဌာနများ ထိခိုက်ပျက်စီးခဲ့သော်လည်း ဝန်ထမ်းများအနေဖြင့် ရုံးပြန်လည်ပြုပြင်တည်ဆောက်မှုလုပ်ငန်းများကြားမှ ရုံးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်လျက်ရှိသည့်အတွက် အသိအမှတ်ပြုပါကြောင်း၊ လုပ်ငန်းတိုးတက်မှုအရှိန်ကို ဆက်လက်ထိန်းသိမ်း၍ လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သောရုံးအဆောက်အအုံများကို အမြန်ဆုံး အရည်အသွေးပြည့်ဝစွာ ပြန်လည်ပြင်ဆင်ကြရန် လိုအပ်ကြောင်း၊ ဆက်လက်၍လည်း ရုံးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ပြင်ဆင်နေမှု အခြေအနေ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးခရိုင်ဘဏ်ခွဲ ပျက်စီးမှုနှင့် ပြန်လည်တည်ဆောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မွန်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားတက်ရောက်

**မော်လမြိုင် အောက်တိုဘာ ၁၈**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ ပိန္နဲကုန်းအထက၌ ကျင်းပရာ မွန်ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခင်မောင်ဦး၊ မွန်ပြည်နယ်တိုင်းရင်းသား အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဝန်ထမ်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြများ၊ ကျိုက်မရောမြို့နယ် အုပ်ချုပ်ရေးမှူး၊ သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးက အမှာစကား ပြောကြားပြီး တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် သင်တန်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကျုံပျော် အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းနိုင်ဦးနှင့် ကျုံပျော်မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ချိုနိုင်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဆန်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ အသင်းသားစာရင်းစစ် အစီရင်ခံစာများ၊ ဘဏ္ဍာရေးနှစ် လက်ကျန်ရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မုဒုံမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မုဒုံ အောက်တိုဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၅ ရက်တွင် သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

မုဒုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ နေ့စဉ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် လမ်း၊ တံတားများ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ကမာရွတ်မြို့နယ်၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်း ဒေသကြီး ကမာရွတ်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အမှတ် (၁)ရပ်ကွက် ဆီစက်လမ်း မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာ ဦးသာဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမအသင်းများ၏ အရပ်ရပ်ဆိုင်ရာကိစ္စများကို ဆွေးနွေးပြောကြားသည်။



ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးစိန်လှိုင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အသင်းစာရင်းစစ်များကို ဖတ်ကြားတင်ပြရာ အသင်းကိုယ်စားလှယ်များ၏ အတည်ပြုချက်များရယူ၍ အတည်ပြုခဲ့ကြကြောင်း သိရသည်။

**စိမ်းလှဲ့(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တပ်မတော်က သီပေါမြို့အား ပြန်လည်ထိန်းချုပ်ရရှိခဲ့သဖြင့် အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ သီပေါမြို့သို့ ရောက်ရှိလာရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာ ကြိုဆို

နေပြည်တော် အောက်တိုဘာ ၁၈

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားသည့် မြို့နယ်၊ ကျေးရွာ၊ ဒေသအချို့တို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation)များကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ခေတ္တထိန်းချုပ်ထားခဲ့သည့် သီပေါမြို့အား အောက်တိုဘာ ၁၇ ရက်တွင် တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။





အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ရေးပစ္စည်းများနှင့်အတူ သီပေါမြို့သို့ ရောက်ရှိရာ ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။

သီပေါမြို့နယ်တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာစည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်အဘက်ဘက်မှ နိမ့်ကျမှုများ၊ တိုက်ပွဲ၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကြောင့် တပ်မတော်က သီပေါဒေသတစ်ဝိုက်အား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ ဝမ်းမြောက်စွာ ကြိုဆိုလက်ခံကြပြီး ယာယီနေရပ်စွန့်ခွာနေရပ်ထိုင်ခဲ့ရသည့် ဒေသခံတိုင်းရင်းသား ပြည်သူအချို့မှာလည်း ၎င်းတို့၏နေရပ်ဒေသများသို့ ချက်ချင်းပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

တပ်မတော်စစ်ကြောင်းများအနေဖြင့် သီပေါမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေး၊ ၎င်းတို့၏မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ယုတ်မာရိုင်းစိုင်းစွာ၊ အသိတရားကင်းမဲ့စွာဖြင့် မီးရှို့ဖျက်ဆီးခဲ့သည့် ရုံး/ဌာနအဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးနှင့် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများသည် ယနေ့တွင် သီပေါမြို့သို့ ရောက်ရှိလာကြရာ ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်စွာကြိုဆိုခဲ့ကြသည်။

**ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်**

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးငယ်များ၏ ပညာသင်ယူခွင့်တို့ကိုလည်း ယခင်ငြိမ်းချမ်းစဉ်ကာလကဲ့သို့ပင် ပုံမှန်ပြန်လည်လည်ပတ်စေရန် မျှော်လင့်ကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အဘက်ဘက်က ပျက်စီးဆုံးရှုံးခဲ့ရသည့် သီပေါမြို့အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများကလည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို ဆက်လက်တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ထပ်မံဖွင့်လှစ် ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ ကျောင်းသားကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာ ၈ ရက်တွင်လည်းကောင်း၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းကို အောက်တိုဘာ ၁၅ ရက်တွင်လည်းကောင်း၊ အခြေခံပညာ အထက်တန်းကျောင်း (နောင်ပိန်)ကို အောက်တိုဘာ ၁၆ ရက်တွင်လည်းကောင်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းကို အောက်တိုဘာ ၁၇ ရက်တွင်လည်းကောင်း၊ ယနေ့တွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းကိုလည်းကောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း ခြောက်ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက် ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၃၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀၂၄ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ကျောက်မဲမြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ဒေသခံ ပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ထို့နောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာနေထိုင် လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၇၈ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန် လိုအပ်သော လူနာတစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး တောင်သူပညာပေးသင်တန်း ဖွင့်လှစ်



နေပြည်တော် အောက်တိုဘာ ၁၈

အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေး တောင်သူပညာပေးသင်တန်း ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် ကံဦးကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော် ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့် တောင်သူများ၏ ဒေသစိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တောင်သူများအတွက် သဘာဝမြေသြဇာများ ပေးအပ်သည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းမှ တစ်ပိုင်တစ်နိုင် လုပ်ငန်းထူထောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ပြီး ဝင်ငွေတိုးစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ဆိုလျှင် သုံးနှစ်ရှိခဲ့ပြီဖြစ်ကြောင်း၊ ဝင်ငွေတိုးစီမံကိန်းကို ဆောင်ရွက်သည့်အခါ လိုအပ်သည့် နည်းပညာပေးခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးခြင်းတို့အပြင် တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ ထူထောင်နိုင်သည်အထိ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့ပြင် စားသောက်ကုန်၊ လူသုံးကုန်လုပ်ငန်းများ၏ ထုတ်ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရန် ဓာတ်ခွဲစမ်းသပ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များက သက်ဆိုင်ရာလုပ်ငန်းများအလိုက် ပါဝင်ဆွေးနွေးကြသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်ထားသည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရန်အောင်မြင်ရေလှောင်တမံနှင့် ချောင်းမကြီး ရေလှောင်တမံရှိ ပင်မတမံနှင့် ကုန်းကြောတမံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ သုခသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့အတူ ယမန်နေ့ကလည်း လယ်ဝေးမြို့နယ် ရာဇသိင်္ဂဟလမ်းမကြီးပေါ်ရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲစာရင်းများ မှန်ကန်စေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများ၏ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲစာရင်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဗေယျာမြေ)**



## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးများ ရိတ်သိမ်းနေမှု ကွင်းဆင်းစစ်ဆေး

ကျောက်တန်း အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျုံကန်ကျေးရွာ၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးများ ရိတ်သိမ်းနေမှုနှင့် ဝယ်ယူမှုအား တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ကျောက်တန်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်ခိုင်၊ ဦးစီးမှူး ဒေါ်ဖြိုးသီရိထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသန်းစိုး ဦးဆောင်သည့် ဝယ်ယူကြိတ်ခွဲတင်ပို့သည့် အစုအဖွဲ့များ တက်ရောက်၍ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပံ့ပိုးထားပြီး သွင်းအားစုဖြန့်ဖြူးထားသည့် လုပ်ငန်းများအတွက် ရွှေကံ့ကော်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းလီမိတက်မှ လယ်မြေဧက ၁၂၀ တွင် မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း(ကျောက်တန်း)**

## ဟင်္သာတမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



ဟင်္သာတ အောက်တိုဘာ ၁၈

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟင်္သာတမြို့နယ် လက်ပံကုန်းကျေးရွာ တောင်သူ ဒေါ်ညိုညိုဆန်း၏ လယ်မြေ ၁၀ ဧက၌ ပြုလုပ်သည်။

မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အတွင်းရေးမှူး ဦးစောဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင်/ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းမှုတွင် ရွှေရောစပါးမျိုး တစ်ဧကလျှင် စပါးအစို ၁၁၇ ဒသမ ၈ တင်းနှင့် စပါးအခြောက် ၁၀၉ ဒသမ ၀၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**ကိုဇော်(ဟင်္သာတ)**

## ထန်းတပင်မြို့နယ်၌ စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

ပဲခူး အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ငါးလုပ်ငန်းဦးစီးဌာနက ငါးထုတ်လုပ်မှုနှင့် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်စေရန်နှင့် ရေလုပ်သားများ၏ လူမှုဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် အတွက် စစ်တောင်းမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက မြို့အဝင် စစ်တောင်းတံတားထိပ်၌ ပြုလုပ်သည်။




အခမ်းအနားသို့ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် အဖွဲ့ဝင်များ တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းနှင့် ရေလုပ်သားများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ၁၅၀၀၀၀ ကိုစစ်တောင်းမြစ်အတွင်းသို့ စုပေါင်းငါးမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လွိုင်လင်မြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၁၈

ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့တွင် လွိုင်လင်မြို့နယ် မိုင်းပွန်မြို့ရှိ မိုးစပါးစီမံကိန်း (သက်တံ့ရောင်စီမံကိန်း)သီးနှံ စိုက်ပျိုးဆောင်ရွက်လျက်ရှိသည့် စိန်မိုင်းပွန်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်က စိုက်ပျိုးထားရှိသည့် မိုးစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါအသင်းမှ အသင်းသား ၁၅ ဦးသည် ရွှေအပ်စပါးမျိုး ဧက ၁၅၀ စိုက်ပျိုးထားပြီး အသင်းမှလိုအပ်သော ငွေကြေးအရင်းအနှီး၊ သွင်းအားစုများ ပြတ်လပ်မှုမရှိစေရေးအတွက် သက်ဆိုင်ရာမြို့နယ် သမဝါယမအသင်းစုနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးနှင့် သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝိုးတောင်း**

■



# ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်

နယူးယောက် အောက်တိုဘာ ၁၈

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းနှင့် ဇူလိုင်လက ခန့်မှန်းထားသည်ထက် သုည ဒသမ ၂ ရာခိုင်နှုန်း ပိုမိုများပြားခဲ့ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ၎င်း၏ ကမ္ဘာ့စီးပွားရေးခန့်မှန်းသုံးသပ်ချက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ယခုနှစ်အတွင်း ၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်မည်ဟု ခန့်မှန်းထားသော်လည်း ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံနှစ်ခုစလုံး၏ စီးပွားရေးတိုးတက်မှုသည် ခန့်မှန်းထားသည်ထက် သုည ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုနှင့် ပတ်သက်ပြီး ယခုအချိန်အထိ မျှော်လင့်ထားသည်ထက် အကျိုးသက်ရောက်မှု ပိုမိုနည်းပါးကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ စီးပွားရေးပညာရှင် ပီရီ-အိုလီဗီယာ ဂိုရန်ချာစ်က ပြောကြားခဲ့သည်။

လာမည့် ၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ စီးပွားရေးခန့်မှန်းသုံးသပ်ချက်အစီရင်ခံစာတွင် ခန့်မှန်းဖော်ပြထားသည်။

စီးပွားရေးဆိုင်ရာမူဝါဒမသေချာမရေရာမှုများကို ဖြေရှင်းခြင်း၊ ဉာဏ်ရည်တုနည်းပညာဖြင့် စုစုပေါင်း ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးသည့် လက်တွေ့ကျပြီး လိုက်လျောညီထွေမှုရှိသော နိုင်ငံစုံစနစ်တစ်ခုကို ထူထောင်ခြင်းသည် ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အကြံပြုထားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်




# တရုတ်နိုင်ငံ၏ အာတိတ်သမုဒ္ဒရာကိုဖြတ်၍ ဥရောပသို့ သွားရောက်သည့် ပထမဆုံး ကွန်တိန်နာတင်သင်္ဘောခရီးစဉ် အောင်မြင်စွာ ရောက်ရှိ

ပေကျင်း အောက်တိုဘာ ၁၈

တရုတ်နိုင်ငံ၏ အာတိတ်သမုဒ္ဒရာကိုဖြတ်၍ ဥရောပသို့ သွားရောက်သည့် ပထမဆုံး ကွန်တိန်နာတင်သင်္ဘောခရီးစဉ် အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်တိန်နာတင်သင်္ဘောသည် စက်တင်ဘာ ၂၃ ရက်တွင် တရုတ်နိုင်ငံ အရှေ့ပိုင်းကျဲ့ကျန်းပြည်နယ်မှ ထွက်ခွာခဲ့ပြီး အာတိတ်လမ်းကြောင်းကို ဖြတ်ကျော်ကာ အောက်တိုဘာ ၁၄ ရက်တွင် အင်္ဂလန်နိုင်ငံရှိ ဆိပ်ကမ်းတစ်ခုသို့ ရောက်ရှိခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာက သတင်းဖော်ပြခဲ့သည်။

တရုတ်နိုင်ငံမှ ကွန်တိန်နာသင်္ဘောတစ်စင်း အာတိတ်ပင်လယ်ကို ဖြတ်၍ ဥရောပသို့ ပထမဆုံးအကြိမ် ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများက ပြောကြားခဲ့သည်။

သမားရိုးကျ တရုတ်-ဥရောပ လမ်းကြောင်းများသည် အရှေ့အလယ်ပိုင်းရှိ စူးအက်တူးမြောင်းမှတစ်ဆင့် ရက်ပေါင်း ၄၀ ခန့် ကြာမြင့်ပြီး ရထားလမ်းကြောင်းဖြင့် ၂၅ ရက်ခန့် ကြာမြင့်သည်။

ယခုအာတိတ်လမ်းကြောင်းသည် ရက် ၂၀ ခန့်သာကြာမြင့်သည့်အတွက် ခရီးစဉ်၏ကြာချိန်ကို သိသိသာသာ လျှော့ချနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ ကွန်တိန်နာသင်္ဘောသည် ဂျာမနီ၊ ပိုလန်နှင့် နယ်သာလန်ရှိ ဆိပ်ကမ်းများတွင် ဆိုက်ကပ်ရပ်နားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသစ်ကို တီထွင်ခြင်းဖြင့် အမေရိကန်နှင့် ကုန်သွယ်ရေး ပွတ်တိုက်မှုများကြားတွင် ဥရောပနှင့် ကုန်သွယ်မှုကို ချဲ့ထွင်ရန် ကြိုးပမ်းဖွယ်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

အလားတူ "ဝင်ရိုးစွန်းပိုးလမ်းမ" ဟုခေါ်သော အာတိတ်သမုဒ္ဒရာလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန် ပေကျင်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# ဟားမတ်စ်အဖွဲ့က ဓားစာခံများ၏ ရုပ်အလောင်းများကို ပြန်လည်ဆယ်ယူရန် စက်ကိရိယာများ လိုအပ်နေ

ဂါဇာစီးတီး အောက်တိုဘာ ၁၈

ဟားမတ်စ်အဖွဲ့က အပစ်အခတ်ရပ်စဲရေးကို အကောင်အထည်ဖော်ဆောင်ရန် ဆန္ဒရှိသော်လည်း သဘောတူညီချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သေဆုံးသွားသော ဓားစာခံများ၏ ရုပ်အလောင်းများကို ပြန်လည်ဆယ်ယူရန် စက်ကိရိယာများ လိုအပ်နေကြောင်း ဟားမတ်စ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အိုစမာဟမ်ဒန်က ယနေ့ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အဆိုပြုသည့် ငြိမ်းချမ်းရေးအစီအစဉ်အရ အပစ်အခတ်ရပ်စဲရေး အသက်ဝင်ပြီး တစ်ပတ်အကြာတွင် အိုစမာဟမ်ဒန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဟားမတ်စ်က သေသူရော အသက်ရှင်လျက်ပါ ဓားစာခံ ၄၈ ဦးလုံးကို လွှဲပြောင်းပေးရမည်ဟု သဘောတူညီချက်တွင် ဖော်ပြထားသည်။ သို့သော် အသက်ရှင်လျက်ရှိသော သုံ့ပန်း ၂၀ နှင့် အလောင်း ၁၁ လောင်းကိုသာ လွှဲပြောင်းပေးအပ်ခဲ့ရာ အစ္စရေးက ကျေနပ်မှုမရှိကြောင်း သိရသည်။

ကျန်ရုပ်အလောင်းများ မည်သည့်နေရာတွင် ရှိနေသည်ကို ဟားမတ်စ်အဖွဲ့က သိသော်လည်း အများအပြားမှာ အပျက်အစီးများအောက်တွင် မြှုပ်နှံထားကြောင်း အိုစမာဟမ်ဒန်က ပြောကြားသည်။

၎င်းတို့ကို ပြန်လည်ရယူရန် အကြီးစားစက်ယန္တရားများ လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ငြိမ်းချမ်းရေးအစီအစဉ်နှင့်ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးရမည့်ကိစ္စမှာ ဟားမတ်စ်အဖွဲ့အား လက်နက်ဖြုတ်သိမ်းရေး ဖြစ်ကြောင်းနှင့် အစ္စရေးတပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာခြင်းမရှိသေးသည့်တိုင် ၎င်းတို့အနေဖြင့် လက်နက်များချမည် မဟုတ်ကြောင်း အိုစမာဟမ်ဒန်က အလေးပေးပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ်ရန် ပါလက်စတိုင်း နည်းပညာရှင်များ၏ ယာယီအကူးအပြောင်း ကော်မတီတစ်ရပ်ဖွဲ့စည်းရန်ကိုလည်း မျှော်မှန်းထားသည်။

အဆိုပါကော်မတီ၏ ကျန်းမာရေးနှင့် ပညာရေးစသည့် နယ်ပယ်များတွင် ဂါဇာဒေသခံ ၁၅ ဦး ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကျန်ရှိသော ဓားစာခံများ၏ ရုပ်အလောင်းများကို ပြန်ပေးပြီးနောက် ဟားမတ်စ်အဖွဲ့က ကြားဝင်စေ့စပ်ညှိနှိုင်းရေး နိုင်ငံများနှင့် အပစ်အခတ်ရပ်စဲရေး ဒုတိယအဆင့်ကို ဆက်လက်ဆွေးနွေးရန် အကြံပြုထားကြောင်း အိုစမာဟမ်ဒန်က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်လာခဲ့သည်မှာ တစ်ပတ်ကျော် ရှိပြီဖြစ်

ဂါဇာစီးတီး အောက်တိုဘာ ၁၈

ဂါဇာကမ်းမြောင်၌ အပစ်အခတ်ရပ်စဲရေး စတင်အသက်ဝင်လာခဲ့သည်မှာ တစ်ပတ်ကျော်ရှိခဲ့ပြီဖြစ်သည်။

အစ္စရေးတပ်ဖွဲ့နှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲဖြစ်ပွားမှု မရှိသေးကြောင်းနှင့် ဒေသခံများသည် တောင်ဘက်ပိုင်းရှိ ဒေသများမှ ၎င်းတို့၏နေရပ်သို့ ပြန်လည်ထွက်ခွာလျက်ရှိကြောင်း သိရသည်။

ဒေသခံများက ၎င်းတို့၏နေရပ်သို့ ပြန်လည်ရောက်ရှိသော်လည်း လူနေအိမ်များမှာ ပျက်စီးဆုံးရှုံးလျက်ရှိသည့်အတွက် အပျက်အစီးများကို ဖယ်ရှားကာ ယာယီတဲအိမ်များ ဆောက်လုပ်ရန် ကြိုးပမ်းနေရကြောင်း သိရသည်။

တိုက်ပွဲများ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်လျက်ရှိကြောင်း၊ အသက်ရှင်သန်ရေးအတွက် ရေ၊ လျှပ်စစ်မီးနှင့် စားနပ်ရိက္ခာများ ရှာဖွေရမည် ဖြစ်ကြောင်းနှင့် နေထိုင်စရာ တဲများကိုလည်း ဆောက်လုပ်ရမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။



နိုင်ငံတကာ အကူအညီများသည် ပြည်တွင်းဈေးကွက်သို့ ပြန်လည်ရောက်ရှိလာပြီး ပြည်သူများအနေဖြင့် ၎င်းတို့လိုအပ်သော ပစ္စည်းများကို တစ်ဖန်ပြန်လည် ဝယ်ယူနိုင်ပြီဖြစ်သည်။

လက်ရှိတွင် ကုန်ပစ္စည်းများကို ဈေးသက်သာစွာဖြင့် ဝယ်ယူနိုင်ကြောင်းနှင့် စစ်ဆေးရေးဂိတ်များ ပြန်လည် ဖွင့်လှစ်ပါက ယခုထက် ပိုမိုသက်သာစွာဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း ဈေးသို့ကုန်ပစ္စည်းလာဝယ်သည့် အမျိုးသားတစ်ဦးက ပြောကြားသည်။

**ဆက်လက်ထိန်းသိမ်းထားနိုင်မည်လား**

ဟားမတ်စ်အဖွဲ့ကို လက်နက်ဖြုတ်သိမ်းခြင်းနှင့် ဂါဇာမှ အစ္စရေးတပ်များ ဆုတ်ခွာခြင်းအပါအဝင် သဘောတူညီမှု ဒုတိယအဆင့်သို့ ရောက်ရှိရန် ဆက်လက်ထိန်းသိမ်းထားနိုင်မည်လားဆိုသည်ကို ဆက်လက် စောင့်ကြည့်ရမည်ဖြစ်သည်။

လက်ရှိတွင် အစ္စရေးနှင့် ဟားမတ်စ်တို့က သဘောတူညီချက်ကို ချိုးဖောက်သည်ဟု အပြန်အလှန် စွပ်စွဲလျက်ရှိကြောင်း သိရသည်။ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့်လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် သာယာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့ အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၆၈ဝ တန်၊ အခြားသစ် ၂ ဒသမ ဝ၉၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၈၇၄ဝ၄၄ ကျပ်)ကို သစ်တောဥပဒေအရ လည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် ရွှေတောင်မြို့နယ် ဆင်မကြပ် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ဝဝဝဝဝဝ) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၆၈၇၄ဝ၄၄ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် ရမည်းသင်းမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၂ဝဝ)ကို သစ်တောဥပဒေအရ လည်းကောင်း၊ အမရပူရမြို့နယ်၊




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ပုသိမ်ကြီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁ဝ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ဝ၅ဝဝဝဝ)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ အောက်တိုဘာ ၁၆ ရက်တွင် မန္တလေးမြို့ ရွှေကြက်ယက်ဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း အမျိုး ၃ဝ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၅၂၈၈ဝ) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃ဝဝဝဝဝဝ) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂ဝ၉၆၉၃ဝ၈ဝ ကို အမှုတွဲဖွင့်လှစ် ဆောင်ရွက်ထားရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်တွင် မော်လမြိုင်မြို့နယ် ခရွန်းရှမ်းကျေးရွာရှိ အအေးခန်းဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၁၆၁၂ဝဝ)ကို အမြန်စီမံခန့်ခွဲရန် လိုအပ်သော ကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်အား ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၅၁၆၁၂ဝဝ ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၅၆၂၄ဝ)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၆၇ဝ၅၅၂၅၃၂ ကျပ်)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ် (ကုန်လှောင်ရုံ)၌ စိန်ဟုယူဆရသော Synthetic Stone ၃ ဒသမ ၂၆၈ ကာရက် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ဝဝဝဝဝဝ) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၆၉၃၇ဝ၈၇၇၂ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အောက်တိုဘာ ၂ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၄၉၅၄၃၅ဝ၉၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**✤နော်တင်ဟမ်ဖောရက်စ်မှ**

ရီစီဂျိမ်းစ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက အနိုင်ဂိုးများထပ်မံရရှိရေး ကြိုးပမ်းရင်း ဒုတိယပိုင်းပွဲကစားချိန် ၈၇ မိနစ်မှာ ဂတ်စ်တို နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ကစားခဲ့ရတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ နော်တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၁၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် (၃) နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး နော်တင်ဟမ်ဖောရက်စ်အသင်းကတော့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ နယူးကာဆယ်အသင်းက ဘရိုက်တန်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဘန်လေအသင်းက လိဂ်ယူနိုက်တက်စ်အသင်းကို နှစ်ဂိုး – ဂိုးမရှိ၊ မန်စီးတီးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဆန်းဒါးလန်းအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး ဘုန်းမောက်အသင်းနဲ့ ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်သုံးဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၀-၂၀၂၅ တနင်္ဂနွေနေ့

**MRTV HD**

- **၀၆:၀၀** အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခန္ဓပရိတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** အလွမ်းများနဲ့ အမှားမလွမ်းနဲ့ (တင်ဦးလေး၊ စိမ်းမိုမို)
- **၀၉:၁၅** ကာတွန်းအစီအစဉ် **'ချစ်စရာသိုးမီသားစု'** (အပိုင်း-၂၄)
- **၀၉:၃၀** သတင်းသမားပြောတဲ့သတင်းစကား
- **၀၉:၄၅** တူတူပဲသွားပေးကြစို့ (မိုးယံဇွန်၊ နန်းသုရတီစိုး၊ ရတနာမိုင်၊ သရုပ်ဆောင်-ထွန်းကိုကို၊ ယွန်းယွန်း၊ သဉ္ဇာ)
- **၀၉:၅၀** ရှေး-ဘယ်လာရုစ် အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု တေးဂီတ ဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- **၁၂:၄၅** အသိပညာနှင့်အမှန်တရား
- **၁၃:၀၀** MRTV National News
- **၁၃:၃၀** မြန်မာ့ဇာတ်လမ်းတွဲ **'ချစ်ငြေ'**
- **၁၆:၄၀** 'မဲဇာရင်းနှင့် ဖြည့် ဖျက် ပြင်' စကားဝိုင်း အစီအစဉ် (အပိုင်း-၁)
- **၁၇:၁၅** ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- **၁၇:၄၀** 'မဲဇာရင်းနှင့် ဖြည့် ဖျက် ပြင်' စကားဝိုင်း အစီအစဉ် (အပိုင်း-၂)
- **၁၈:၃၀** ပြည်ချစ်သာမွန်တေးသဂင်
- **၁၈:၄၀** သံစဉ်ချိုမြမြန်မာတေးအလှ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်အပြုံးနဲ့အမုန်း'** (အပိုင်း-၁၀)
- **၁၉:၅၀** ငြိမ်းချမ်းရေးလက်မြဲမြဲဆက် (ကျော်သက်)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** ဘဝနှင့်အနုပညာ
- **၂၁:၃၀** ဆေးရောင်စုံရုပ်ရှင် **'ငတ်တကင်နေသည်'**

**mitv**

- **07:01** Evergreen Classic: Kyun Nawt Htar Nay Bagan Pyay
- **07:08** Shwedagon Buddha Museum
- **07:41** Tech Digest
- **07:50** Myanmar Childhood Games (Episode-1)
- **08:01** News
- **08:27** The Entomologist
- **08:54** Dances of Myanmar: Rvwang Traditional Dance
- **09:01** Shining Stars (Ep-6)
- **09:27** Today Myanmar
- **09:51** Chaung Tha Souvenir Business
- **10:01** News

**Me**

- **၀၆:၀၀** အဖွင့်၊ ဓမ္မဂုဏ်တေးသီချင်းများ
- **၀၆:၂၀** တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်)
- **၀၆:၅၀** မြန်မာသံစဉ်တေးများ
- **၀၇:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၂၀)
- **၀၇:၅၀** ဝတ်ရုံလိုတေးများ
- **၀၈:၀၅** ဇာတ်သဘင် **'ပွဲညရဲ့ဇာတ်ခုံ'** (အပိုင်း-၃)
- **၀၉:၁၅** ချစ်စရာအရွယ်ကစားကြမယ်
- **၀၉:၄၅** မြန်မာရုပ်ရှင် (ဆေးရောင်စုံ) **'ပေါင်မှုပိုင်ရှင်'**

**MRTV NRC**

- **ဝဏ္ဏကရင် (၀၆:၀၀ မှ ၀၇:၀၀)** တိုးမှုပွယ်ရဲ့ထိန်းသိမ်းစဉ်လာရိုးရာလက်မှုပညာ
- **အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ကရင်ရိုးရာစောင်းတူရိယာ
- **အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)** နည်းမှန်စိုက်ပျိုးဝင်ငွေတိုး (သခွားစိုက်ပျိုးနည်း)
- **ချင်း (လိုင်းဇိုး) (၀၉:၀၀ မှ ၁၀:၀၀)** အုံပွယ်အစွမ်းထက်ချဉ်ပေါင်
- **ချင်း (ဖြိုး) (၁၀:၀၀ မှ ၁၁:၀၀)** မြန်မာ့မြေမှစိုက်ပျိုးစီးပွားလုပ်ငန်းဘဝများ (အပိုင်း-၁)
- **မွန် (၁၁:၀၀ မှ ၁၃:၀၀)** ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်
- **ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)** ရမ္မာမြေမှမီးကြာလည်
- **ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)** အလှုထမင်းနယ်
- **ပ (၁၇:၀၀ မှ ၁၉:၀၀)** ထွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၁၀)
- **ကချင် (၁၉:၀၀ မှ ၂၁:၀၀)** သဘာဝဂေဟရတနာ (ဒါကာတိုရာဇီအမျိုးသားဥယျာဉ်)
- **ကယား (၂၁:၀၀ မှ ၂၃:၀၀)** မိုးသားတိမ်ထုအောက်ကလျှိုင်နန်းဖေတောင်အလှ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၈:၄၅** Next Level
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၂၀:၄၅** ဓူးစမ်းရှာဖွေ လှေ့လှောင်းအဖွဲ့
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ **'ရုရှားနိုင်ငံ'**
- **၁၀:၀၀** ဥပဒေရေးရာအကြာမြာဇာတ်လမ်းတို **'မဖုန်သတင်းပေးခြင်း'**
- **၁၀:၃၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း **'အင်ဒိုနီးရှားနိုင်ငံ'**
- **၁၁:၀၀** ရွှေသို့ချီမည့်ပန်းတိုင်ဆီ (အပိုင်း-၇၀)

**MRTV FARMERS HD**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၁၀** မြန်မာ့ပုလဲဆန်လိုတင်စားပေါ်ဆန်းဝမ်း
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်း
- **၁၀:၂၀** A Pen Full of Trouble
- **၁၀:၃၅** Garden & Harvest Tour Week 10 - Monster Tomatoes
- **၂၀:၀၀** တိတ်ဆိတ်ခြင်း (ဇာတ်လမ်း)
- **၂၁:၃၀** Suzume (2022) (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက် လမ်းပြကြယ်
- **၀၆:၄၅** Weekly Sports Info
- **၀၇:၄၅** Weekend News
- **၁၇:၀၀** အားကစားသတင်း
- **၂၁:၀၀** FIFA MFF U19 FUTSAL YOUTH LEAGUE 2025 Shwe Pyi Thar Vs Pacific Sun Far

Scan Here: MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၅:၀၀) နာရီမှ ညနေ (၅) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒီးမော့ဆိုမြို့နယ်၌ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများနှင့် တွေ့ဆုံအားပေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေး

လွိုင်ကော် အောက်တိုဘာ ၁၈

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ယနေ့နံနက်ပိုင်းက ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ဒီးမော့ဆိုမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြန်လည်ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာ ငွေတောင်ပြည် ပရိယတ္တိစာသင်တိုက်သို့ရောက်ရှိကာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာစာရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် ဒီးမော့ဆိုမြို့နယ် ငွေတောင်ရပ်ကွက်နှင့် ငွေတောင်ဆည်ရပ်ကွက်များတွင် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများ စနစ်တကျ နေထိုင်နိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြန်လည်ဝင်ရောက်နေထိုင်သည့် ရပ်ကွက်၊ ကျေးရွာများတွင် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် စီမံပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက နယ်မြေဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးသွားမည့် အခြေအနေများအား ပြန်လည်ပြောကြားကာ ပြည်သူများ လတ်တလော နေထိုင်စားသောက်မှုအဆင်ပြေစေရန်အတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့နယ် စည်ပင်သာယာဈေး၊ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ ငွေတောင်ဆည်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ငွေတောင်ဆည်သို့ ရောက်ရှိကာ ဆည်ရေထိန်းတံခါးများ၊ ရေပေးမြောင်းများနှင့် လက်တံမြောင်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ရန်၊ ဆည်တာပေါင်လမ်းတစ်လျှောက် ချုံမြက်များ ရှင်းလင်းရန်၊ ရပ်ကွက်နေပြည်သူများအတွက် သောက်သုံးရေပြန်လည်ပေးဝေနိုင်ရေး၊ ဆောင်းသီးနှံနှင့် နွေစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေပြန်လည်ပေးဝေနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် လွိုင်ကော်-ဒီးမော့ဆိုလမ်း မိုင်တိုင်(၁၂၄/၆)တွင် ပေ (၅၀x၅၀x၄၀) သံကူကွန်ကရစ် ရေပြွန်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလပြီးစီးရေး ဆောင်ရွက်ရန်မှာကြားခဲ့သည်။

ဆက်လက်၍ ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီကျေးရွာ သာသနာ့ရံသီဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော်အားဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဒေါပိုးစီကျေးရွာအတွင်း ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများနှင့် တွေ့ဆုံ၍ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြား၍ ဆန်၊ ဆီ၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့အဝင်လမ်းမကြီး ဘေးဝဲ/ယာ တစ်လျှောက်တွင် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## လပွတ္တာမြို့နယ်၌ ရွှံ့ကဏန်းမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

လပွတ္တာ အောက်တိုဘာ ၁၈

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာခရိုင်နှင့် လပွတ္တာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်မှုဖြင့် လပွတ္တာမြို့နယ်အတွင်းရှိ ကဏန်းလုပ်ငန်းရှင်များစုပေါင်း၍ ရွှံ့ကဏန်းမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက သာခရမ်းချောင်းဒီရေတော၌ ကျင်းပသည်။



အခမ်းအနားသို့ လပွတ္တာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့်မြို့နယ် မိခင်ကလေးနှင့်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကဏန်းလုပ်ငန်းရှင်များ၊ ရပ်ကွက်နှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံရေလုပ်သားများ စုစုပေါင်း အင်အား ၁၅၀ ခန့် တက်ရောက်၍ ရွှံ့ကဏန်းအရွယ်မျိုးစုံကောင်ရေ ၁၀၀၀၀ ခန့်၊ ၅၀၀ ကီလိုဂရမ်ကို စုပေါင်း မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

## သမဝါယမအသင်းသားများအား ထောက်ပံ့ငွေနှင့် အစုပေါ်အမြတ်ငွေ ပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဒဂုံအထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အစည်းအဝေးနှင့် အသင်းသားများအား ထောက်ပံ့ငွေနှင့် အစုပေါ်အမြတ်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားကာအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ကာလအတွက် စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကိုတာဝန်ရှိသူများက ဖတ်ကြားပြီး တက်ရောက်လာကြသည့် အသင်းဝင် ၃၅ ဦးအား အသင်းသားထောက်ပံ့ငွေ၊ အစုပေါ်အမြတ်နှင့် မြေပဲဆီများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



**ကိုဇော်**



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့၌ သုံးမိုင်ပတ်လည် Green Zone အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် အမှတ်(၄)ရပ်ကွက် ကျောင်းကုန်း-အိမ်မဲလမ်းဆုံ၌ အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီခန့်က မြို့နယ်သန့်ရှင်းသာယာလှပစေရေး ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။

ဝင်းကြိုင်(ပြန်/ဆက်)



## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟို)အဆင့်ပြိုင်ပွဲတွင် မြဝတီမြို့မှ ဆုရရှိသူအား ဂုဏ်ပြုကြိုဆို

မြဝတီ အောက်တိုဘာ ၁၈

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး(ဗဟို)အဆင့်ပြိုင်ပွဲတွင် မြဝတီမြို့မှ ရွှေတံဆိပ်ဆုရရှိသည့်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဖွဲ့ချစ်အောင်အား ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

အဆိုပါဗဟိုအဆင့် (ကာလပေါ် အဆို ၁၀-၁၅)ပထမဖြင့် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မောင်ဖွဲ့ချစ်အောင်အား မြဝတီမြို့နယ် ပညာရေးမှူး ဦးမိုးကျော်၊ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်နှင့်ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများဖြင့်ကြိုဆိုခဲ့ကြသည်။ ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က နှစ်စဉ်ကျင်းပသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟို)အဆင့်ဆုရရှိသည့်အတွက်ဂုဏ်ယူမိပါကြောင်း၊ မြဝတီမြို့ဂုဏ်ဆောင်နိုင်ရေးအတွက် မျိုးဆက်သစ်များ ထပ်မံပေါ်ထွန်းလာစေရန် ကျောင်းသားကျောင်းသူများအားပြုစုပျိုးထောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟို)အဆင့်ပြိုင်ပွဲတွင် မြဝတီမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရာ မောင်ဖွဲ့ချစ်အောင်က (ကာလပေါ် အဆို ၁၀-၁၅) ပထမ (ရွှေတံဆိပ်ဆု)နှင့် မောင်ဆက်ပိုင်စိုးက (အက ၁၀-၁၅) တတိယဆုရရှိခဲ့ကြောင်း သိရသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

# သင်ထောက်ကူပစ္စည်းများလက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်သင်တန်းပို့ချ

**နေပြည်တော် အောက်တိုဘာ ၁၈**

အခြေခံပညာကျောင်းများတွင် လက်ရှိသင်ကြားပေးနေသော သိပ္ပံဘာသာရပ်(ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ) ဘာသာရပ်များအတွက် သင်ထောက်ကူပစ္စည်းများလက်တွေ့အသုံးချနိုင်ရေး အရည်အသွေးမြှင့်သင်တန်းကို ယနေ့ နံနက် ၉ နာရီတွင် ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အခြေခံပညာကျောင်းများအနေဖြင့် ပညာရေးဝန်ကြီးဌာနမှ ဖြန့်ဝေထားသော သင်ထောက်ကူပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုသင်ကြားနိုင်မည်ဖြစ်ပြီး စာသင်ခန်းတွင်း လက်တွေ့သင်ကြားချိန်တွင် သတ်မှတ်သင်ရိုး၊ သင်ချိန်များနှင့်အညီ မိမိ၏သင်ခန်းစာများကို ယုံကြည်မှုအပြည့်ဖြင့် သင်ကြားနိုင်မည်ဖြစ်သည့်အတွက် ယခုသင်တန်းတွင် ကြိုးစားလေ့လာကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ်ပါမောက္ခချုပ်က သင်တန်းပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက ဆရာ ဆရာမများ ဆွေးနွေးပွဲတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသော ဆရာ ဆရာမများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကားပြောကြားသည်။



အဆိုပါသင်တန်းတွင် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ဘားအံတက္ကသိုလ်ပါမောက္ခဌာနမှူးများ၊ ကထိကများနှင့် ဆရာ ဆရာမများက ပြည်နယ်အတွင်းရှိ သိပ္ပံဘာသာတွဲ အထက်တန်းဆင့်သင် ဆရာ ဆရာမ ၄၉၂ ဦးတို့အား အောက်တိုဘာ ၁၈ ရက်နှင့် ၁၉ ရက် နှစ်ရက်တာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပုဇွန်တောင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**



ရန်ကုန်တိုင်း ဒေသကြီး ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ စာအုပ်လှူဒါန်းပွဲ၊ အသိပညာပေးပြခန်းများနှင့် ကာယ ဉာဏ ဂိမ်းကစားနည်းပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပုဇွန်တောင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ စုပေါင်း၍ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် ငွေကျပ် ၄၀၀၀၀၀ တန်ဖိုးရှိ သုတစာအုပ် ၁၀၀ ကျော်အား ပေးအပ်လှူဒါန်းရာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားနွယ်က လက်ခံသည်။

ဆက်လက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကို ကျင်းပရာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍ စာရေးဆရာမ တင့်တယ်ခင်က စာဖတ်ခြင်း အကျိုးကျေးဇူးကို ဟောပြောသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာန အသိပညာပေးပြခန်းမှ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးပစ္စည်းများ သရုပ်ပြသခြင်း၊ မြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးနှင့် ပတ်သက်သည့် အသိပညာပေးပြခန်းပြသ၍ အခမဲ့ ဆေးကုသပေးခြင်း၊ တိုင်းရင်းဆေးများနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များ၊ လူငယ် အသိပညာပေး စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

# သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးအတွက် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများ အရည်အသွေးမြှင့် ဆွေးနွေးမိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၆)၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဒေါ်ငတာကျော်လွင်က အဖွင့်အမှာစကားပြောသည်။ ထို့နောက် Naypyitaw State Academy ရူပဗေဒဌာနမှ တွဲဖက်ပါမောက္ခဒေါက်တာသူဇာယဉ်က သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားပြီး မိတ္ထီလာတက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါက်တာခင်နီနီစိုးက အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများ၊ နေပြည်တော်အတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ အထက်တန်းဆင့်သင် ဆရာ ဆရာမများ စုစုပေါင်း ၅၆၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# သရက်မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်

**သရက် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ဒေသတွင်းမီးလောင်မှုအကြိမ်ရေနှင့် မီးလောင်ဆုံးရှုံးမှုများ လျော့နည်းကျဆင်းစေရန်အတွက် ရည်ရွယ်ကာ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များရှိ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ရှိ/မရှိ စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၇ ရက်တွင် သရက်မြို့နယ် ပိတောက်ပင်နယ်မြေ မီးသတ်စခန်းမှ လက်ထောက်ဦးစီးမှူး ဦးမြတ်မင်းထိုက်နှင့် တပ်ဖွဲ့ဝင်များက ပိတောက်ပင်ရွာအတွင်းရှိ လူနေအိမ်များ၊ စားသောက်ဆိုင်များအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**လင်းခန့်**

# အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၈**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာများကို အောက်တိုဘာ ၁၇ ရက်က အင်းစိန်မြို့နယ် အထက(၇)ကျောင်း၌ ဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ)မှ စစ်ဆေးရေးမှူး(၃) ဦးအောင်ကျော်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်း၊ Road Sign များအကြောင်းကို အသိပညာပေးရှင်းလင်းဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



**ဇင်မင်းထိုက်(ပြန်/ဆက်)**

❍ **ONE Friday မှ**

အောက်ချင်းလေးသည် ဒုတိယအချီမှစတင်ကာ လက်ရည်အသာရခဲ့ပြီး ၎င်း၏လက်သီးချက်များကြောင့် ပြိုင်ဘက်မျက်နှာ အထိနာခဲ့ရသည်။ ထို့ကြောင့် အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အောက်ချင်းလေး အနိုင်ရခဲ့ခြင်းဖြစ်သည်။ အောက်ချင်းလေးသည် ONE နှင့် ဒုတိယမြောက်ပွဲတွင် ပထမဆုံးနိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

Main Event အဖြစ် ထိုးသတ်ရသည့် ထွန်းမင်းအောင် ထိုင်းဖိုက်တာ တန်နွန်ကို ကြိုးစားထိုးသတ်သော်လည်း အမှတ်ဖြင့် အရေးနိမ့်ခဲ့သည်။ ဝါရင့်ဖိုက်တာ တန်နွန်က အမှတ်ဖြင့် အသာစီးရအောင် ထိုးနိုင်ခဲ့ပြီး ထွန်းမင်းအောင်အနေဖြင့် ကြိုးစားထိုးသတ်သော်လည်း ရမှတ်ကွာဟမှုကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ONE**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ခရီးသွားဧည့်သည်များ နှစ်အလိုက် ပိုမိုတိုးတက်လာစေရေး အတွေးသစ်၊ အမြင်သစ်၊ လုပ်ငန်းစဉ်အသစ်၊ အစီအစဉ်သစ်များ ရေးဆွဲဆောင်ရွက်ကြပါစို့

**ခရီးသွားလုပ်ငန်းသည် စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာ အကျိုးသက်ရောက်မှုရှိသောကြောင့် ရေရှည်တည်တံ့ခိုင်မြဲရေး အလေးထားဆောင်ရွက်ရန် အရေးကြီးပါသည်။**

**မိုးသားလေး (ဟိုတယ် / ခရီး)**

ခရီးသွားကဏ္ဍကို စဉ်ဆက်မပြတ် ဖော်ဆောင်ရာတွင် အထောက်အကူပြုမည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ဂေဟစနစ်နှင့် သဟဇာတဖြစ်သော ခရီးသွားလုပ်ငန်းများ သဘာဝအလှတရားများ၊ ပင်လယ်ကမ်းခြေတောတောင်များ၊ မပျက်စီးစေရန် ဂရုစိုက်ခြင်း၊ စွန့်ပစ်ပစ္စည်းများ လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ စွမ်းအင်သုံးစွဲမှုကို လျှော့ချစေရန် စွမ်းအင်ချွေတာသော ဟိုတယ်များ၊ လေ့လာရေးစင်တာများတည်ဆောက်ခြင်း၊ နေရောင်ခြည်၊ လေစွမ်းအင်ကဲ့သို့သော စွမ်းအင်များ အသုံးပြုခြင်း အပြင် ဒေသခံများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်း၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသခံတို့၏လုပ်ငန်းများ (ဥပမာ-လက်မှုပစ္စည်း၊ ဒေသအစားအစာ) ကို ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ပေးခြင်း၊ ဒေသခံများအား အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးခြင်း၊ ယဉ်ကျေးမှုကိုထိန်းသိမ်းခြင်း၊ ဒေသရိုးရာဓလေ့၊ ရှေးဟောင်းအမွေအနှစ်များကိုသတ်မှတ်ခြင်း၊ ထိန်းသိမ်းခြင်းတို့ ပါဝင်ပါသည်။



ရန်ကုန်မြို့ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ထားသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးတွေ့ရစဉ်။

**ခရီးသွားလာခြင်း**

ခရီးသွားလာခြင်းဆိုသည်မှာ လူတို့သည် မိမိနေထိုင်ရာ အရပ်ဒေသမှ အခြားနေရာဒေသသို့ အပန်းဖြေခြင်း၊ စီးပွားရေးနှင့် အခြားသောကိစ္စရပ်များအလို့ငှာ တစ်နှစ်ထက်မပိုသော သွားလာကြခြင်းကို ဆိုပါသည်။ ထိုကဲ့သို့ အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားလာခြင်းတို့ကြောင့် ခရီးသွားလာသူများ ခရီးလမ်းတစ်လျှောက် ကိစ္စအဝဝ အဆင်ပြေစေရန် စီးပွားရေးအလို့ငှာ ဝန်ဆောင်မှုပေးသည့် ခရီးလှည့်လည်ရေးလုပ်ငန်း၊ ကုမ္ပဏီများနှင့် တည်းခိုရန် ဟိုတယ်များ ပေါ်ပေါက်လာပါသည်။ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံအားဖြင့် ဆွဲဆောင်မှု၊ သွားလာရလွယ်ကူမှု၊ တည်းခိုနေထိုင်ရန် နေရာထိုင်ခင်းနှင့် စီမံခန့်ခွဲမှုတို့ လိုအပ်ပါသည်။

ခရီးသွားလုပ်ငန်းတွင် ကမ္ဘာလှည့်ခရီးသည်များကို သတင်းအချက်အလက်များ ပြန်ကြားပေးခြင်း၊ နေရာထိုင်ခင်းစီစဉ်ပေးခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးခြင်း အစားအစာ တည်ခင်းဧည့်ခံကျွေးမွေးခြင်း စသော ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသည်အများစုမှာ အများအားဖြင့် (၁) **Foreign Independent Traveller (FIT)** – မည်သည့် ခရီးသွားကုမ္ပဏီနှင့်မျှ ဆက်စပ်မှုမရှိဘဲ မိမိကိုယ်ပိုင်အစီအစဉ်ဖြင့် လွတ်လွတ်လပ်လပ်သွားလာသော ခရီးသည်၊ (၂) **Package Tour Group** – ခရီးသွားကုမ္ပဏီနှင့် တိုက်ရိုက်ဆက်သွယ်ပြီး ခရီးစဉ်အမျိုးမျိုး ဝယ်ယူခဲ့သည့် အဖွဲ့လိုက်ခရီးသည်များ၊ (၃) **Business Traveller** – စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် စီးပွားရေးဗီဇာဖြင့် လာရောက်သော ခရီးသည်များဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်းတိုးတက်ခြင်း၏ အကျိုးကျေးဇူးများနှင့် ဂရုပြုရန်အချက်များ**

ခရီးသွားလုပ်ငန်း တိုးတက်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ခြင်း၊ အချိန်တိုအတွင်း အရင်းအနှီးနည်းနည်းဖြင့် နိုင်ငံခြားသုံးငွေရရှိနိုင်ခြင်း၊ မီးခိုးမထွက်သည့်စက်ရုံ (Smokeless Industry) ဟု တင်စားခေါ်တွင်ခံရခြင်း၊ လူအများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများပြားစေခြင်း၊ လူထုလူတန်းစားအသီးသီးထံသို့လည်း နိုင်ငံခြားသုံးငွေ တိုက်ရိုက်စီးဝင်ရရှိစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

သို့ရာတွင် တစ်ဖက်တွင်လည်း ခရီးသွားလုပ်ငန်းကြောင့် ဆိုးကျိုးသက်ရောက်မှုများ ရှိလာနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာနိုင်ခြင်း၊ ပြည်ပယဉ်ကျေးမှုများ လျင်မြန်စွာ ထိုးဖောက်ဝင်ရောက်လာပြီး မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်လာနိုင်ခြင်း၊ ခရီးသည်အယောင်ဆောင်ဝင်ရောက်လာပြီး နိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ရပ်များလုပ်ကိုင်လာနိုင်ခြင်း၊ ကူးစက်ရောဂါအသစ်အဆန်းများပါရှိလာနိုင်ခြင်း စသည့်အချက်များကိုလည်း အလေးထား ဂရုပြုရမည်ဖြစ်ပါသည်။

**ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကြောင်းတရားများ**

ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကြောင်းတရားများအနေဖြင့် ခရီးစဉ်ဒေသတစ်ခုအဖြစ် လူအများသိရှိစေခြင်း၊ ယင်းဒေသသို့ သွားရောက်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးကောင်းမွန်ခြင်း၊ ဝင်/ထွက် သွားလာခွင့်စနစ်များ လွယ်ကူခြင်းတို့ဖြစ်ပါသည်။ ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စနစ်တကျစီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုများ လိုအပ်သည်ဖြစ်ရာ အဓိကထား အထူးဂရုပြု ဆောင်ရွက်သင့်သော အချက်များဖြစ်သည့် အခြားဒေသများ၏ အဆိုးအကောင်းများမှ သင်ခန်းစာရယူဖော်ထုတ်ပြသခြင်း၊ လုပ်သားဝန်ထမ်းအပြင် နယ်မြေလူထုအား လေ့ကျင့်ပညာပေးခြင်း၊ ဥပဒေပြဋ္ဌာန်းခြင်း၊ စည်းမျဉ်းစည်းကမ်းများအား တိကျစွာအရေးယူဆောင်ရွက်ခြင်း၊ စည်းကမ်းဖောက်ဖျက်သူများကို တိကျစွာ အရေးယူဆောင်ရွက်ခြင်း၊ ရေရှည်တည်တံ့မည့် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ထွက်ပေါ်လာမည့်ရလဒ်များအပေါ် ပြန်လည်သုံးသပ်ခြင်း သုတေသနပြုခြင်း၊ ဆက်လက်ထိန်းသိမ်း စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး ဝန်ဆောင်မှုလုပ်ငန်းများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။ စာရင်းဇယားများအရ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီအချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ခရီးသည်စုစုပေါင်း သုညဒသမ ၅ ဘီလီယံ လှည့်လည်သွားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံရရှိခဲ့ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများ၊ လူမျိုးများ၏သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကို သိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ခရီးသွားလာမှုပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာကြီးငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းတို့ ကြောင့် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံး လိုအပ်သည့်အရာများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်အားလုံး စုပေါင်း၍ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်နေကြပါသည်။

**စာမျက်နှာ ၁၉ သို့ ❍**

သဘာဝအလှတရားများဖြင့် ခရီးသွားပြည်သူများကို ဆွဲဆောင်လျက်ရှိသည့် ရှမ်းပြည်နယ် မိုင်းရှူး မြို့နယ်မှ ဟိုက်ပါရေတံခွန်။



ခရီးသွားများအား ရိုးရာဓလေ့များဖြင့် ဆွဲဆောင်လျက်ရှိသည့် အင်းလေးဒေသ။



❍ စာမျက်နှာ ၁၈ မှ

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ပေါင်းစည်းနေထိုင်ကြသော နိုင်ငံဖြစ်ပါသည်။ အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေခရီးစဉ်ဒေသများရှိခြင်း၊ မြင့်မားသည့်တောင်တန်းများရှိခြင်း၊ ကျွန်းစုများနှင့် မြေဩဇာကောင်းသည့်လွင်ပြင်များကြွယ်ဝသည့်နိုင်ငံဖြစ်ခြင်း၊ ထို့ပြင် ထူးခြားသည့်သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ပိုမိုလာရောက်လည်ပတ်ကြရန် ဆွဲဆောင်နိုင်သည့်ပုံရိပ်များ အများအပြားရှိပါသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက်သာမဟုတ်ဘဲ ကမ္ဘာတစ်ဝန်းလုံးအတွက် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ တိုးတက်ပြောင်းလဲလာသည့် Globalization ခေတ်တွင် ကမ္ဘာ့နိုင်ငံများ၏ ဘယ်နေရာ၊ ဘယ်ဒေသကိုမဆို အလွယ်တကူသွားလာနိုင်ပြီး မြေပြင်မှသည် ဝေဟင်အထိ ခရီးများသွားနေကြပြီဖြစ်ပါသည်။ ထို့အပြင် ခရီးသွားခြင်းသည် စိန်နားကပ်ပန်ရခြင်းထက် ပိုပြီးတန်ဖိုးရှိသလို မိုင်ပေါင်းတစ်ထောင် ခရီးသွားခြင်းက စာအုပ်ပေါင်း တစ်ထောင်ဖတ်ရှုသည်နှင့် တူညီသည်ဟု ဆိုရိုးစကားရှိခဲ့သလို စာများများဖတ်ခြင်းက အတွေးအခေါ်ကို ရင့်ကျက်ပြည့်ဝစေသလို ခရီးများများသွားခြင်းသည်လည်း အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးသစ်များကို ရရှိစေကြောင်း မှတ်သားရပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ အဓိကအရေးအကြီးဆုံးကဏ္ဍသည် မြန်မာနိုင်ငံသို့ ပြည်ပဧည့်သည်ဝင်ရောက်မှု လျင်မြန်စွာတိုးတက်စေရန်ဖြစ်ပါသည်။ ဧည့်သည်ဝင်ရောက်မှု တိုးတက်လာသည်နှင့်အမျှ အချိန်တိုအတွင်း အရင်းအနှီးအနည်းဆုံးဖြင့် နိုင်ငံခြားငွေရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုကာ ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများပြားစေခြင်း၊ လူတန်းစားအလွှာအသီးသီးသို့ နိုင်ငံခြားသုံးငွေတိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ရရှိစေနိုင်ခြင်း အသိအမြင်ဗဟုသုတများ ဖလှယ်နိုင်ခြင်းစသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

ခရီးသွားခြင်းကြောင့် လူတို့၏ အမြင်၊ အတွေး၊ လူ့ပတ်ဝန်းကျင်များ ပြောင်းလဲတိုးတက်ခဲ့သည် သာမက အကြံအစည်အသစ်၊ ဖန်တီးမှုအသစ်များ



သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များဖြင့် ပြည့်နှက်ကာ ခရီးသွားပြည်သူများ လည်ပတ်ချင်စရာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ။

နှင့် ကိုလံဘတ်၊ ဘာစကိုဒဂါးမားတို့လို ခရီးသွားများကြောင့် နယ်မြေသစ်များ ပေါ်ပေါက်လာပြီး ကမ္ဘာ့မြေပုံပါ ပြောင်းလဲခဲ့ကာ မြေပုံသစ်များပေါ်ပေါက်လာခဲ့ပါသည်။ ကမ္ဘာကြီးသည် ခရီးသွားခြင်းကြောင့်သာ ပြောင်းလဲတိုးတက်ခဲ့ရသည်။ ခရီးသွားလုပ်ငန်းများသည် ယခင်ကသာမန်မျှသာဖြစ်သော်လည်း စက်မှုတော်လှန်ရေးနောက်ပိုင်းမှစ၍ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်ကာ ကိုဗစ်ကာလမတိုင်မီအထိ နိုင်ငံ့စီးပွားရေးများ၏ အဓိကဒေါက်တိုင်များဖြစ်ခဲ့ပါသည်။

အာဆီယံဒေသတွင်းနိုင်ငံများက ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းများမှ ဝင်ငွေ ဂျီဒီပီ ၁၅ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းခဲ့ပါသည်။ အာဆီယံသည် ခရီးသွားလုပ်ငန်းကြောင့် ဂျီဒီပီ ၁၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီး အလုပ်လက်မဲ့လူဦးရေ သန်း ၃၀ ကျော်ကို အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း အာဆီယံဒေသ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၃၀ ဒသမ ၁ ဘီလီယံအထိ ရရှိခဲ့ပြီး ထိုဝင်ငွေ၏အများစုကို ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့က ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးကောင်းမွန်သော ဝင်/ထွက်သွားလာရန် လွယ်ကူမည့်ခရီးစဉ်အသစ်များကို အပြိုင်အဆိုင်စနစ်ဖြင့် ဖော်ထုတ်ကြရမည်ဖြစ်ပါသည်။ ခရီးစဉ်သစ်များဖော်ဆောင်ရာတွင် ကျန်းမာရေးနှင့် စိတ်အပန်းဖြေရာနေရာများသည်လည်း ပိုမို၍အရေးပါလာပါသည်။

အရှေ့တောင်အာရှနိုင်ငံများ၏ ခရီးသွားလုပ်ငန်းတိုးတက်မှုမှတ်တမ်းများအရ ဂျပန်တို့၏ ဖူဂျီယားမားမီးတောင်၊ အဏ္ဏမြူဖုံးဒဏ်ခံ ဟီရိုရှီးမားနှင့် နဂါဆာကီရှိ ငြိမ်းချမ်းရေးပန်းခြံတို့သည် လည်းကောင်း၊ အီဂျစ်တို့၏ မံမီနှင့် ပိရမစ်တို့သည် လည်းကောင်း၊ ပြင်သစ်တို့၏ အီဖယ်မျှော်စင်သည် လည်းကောင်း၊ အိန္ဒိယ၏ ဗုဒ္ဓဂယာနှင့် တာ့ဂျ်မဟာတို့သည်လည်းကောင်း ခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိပါသည်။ အချို့နိုင်ငံများက သယံဇာတမရှိသော်လည်း လူ့စွမ်းအားအရင်းအမြစ်နှင့် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးအောင်လုပ်၍ ကြီးပွားချမ်းသာခဲ့သည်။

သဲကန္တာရအတိဖြစ်ခဲ့သော ဒူဘိုင်း (ယူအေအီး) နိုင်ငံသည် ကျွမ်းကျင်ပညာရှင်များကြောင့် ကျောက်လွှာများကြားမှ ရေကြည်ရေသန့်များ အလျှံအပယ်ရခဲ့ပြီး ခေတ်သိပ္ပံပညာရပ်နှင့် သဘာဝပတ်ဝန်းကျင် အလှတရားသို့ ပေါင်းစပ်ကာ ခရီးသွားများကို ဆွဲဆောင်နိုင်ခဲ့သဖြင့် ခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်းမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအမြောက်အမြား ရရှိခဲ့သည်ဟု လေ့လာမှတ်သားခဲ့ရပါသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း ယူနက်စကို အသိအမှတ်ပြု သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပုဂံနှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးတို့က ခေတ်အဆက်ဆက်ခရီးသည်တို့ကို ဆွဲဆောင်လျက်ရှိပါသည်။ ခရီးသည်များ ပိုမိုလာရောက်စေရန် ဆွဲဆောင်မှုအသစ်၊ ခံစားမှုအသစ်များ ဖန်တီးပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာ့ရေမြေသဘာဝသည် အခြားနိုင်ငံများထက် ပို၍ထူးခြားပါသည်။ မြန်မာနိုင်ငံသည် လူဦးရေအများဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြားတွင် ရှိ၍ အရှေ့တောင်အာရှ ၁၀ နိုင်ငံတွင် ရေခဲတောင်ရှိသော တစ်ခုတည်းသောနိုင်ငံဖြစ်ပါသည်။ ထိုနိုင်ငံများတွင်မရှိသောရေခဲတောင်ကို ခရီးသွားလုပ်ငန်းတွင်ကျယ်ရေးအတွက် မည်သို့အသုံးချသင့်သည်ကို ပညာရှင်များအစုအဖွဲ့ဖြင့် အဖွဲ့ဖွဲ့ကာ နည်းလမ်းကောင်းများ ဝိုင်းဝန်းရှာဖွေကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အဆင့် ခရီးသွားလုပ်ငန်းများအောင်မြင်အောင် နိုင်ငံတော်ကလည်း ဘက်ပေါင်းစုံမှ အထောက်အကူပြုနေပါသည်။

ကမ္ဘာ့ကုလသမဂ္ဂခရီးသွားလုပ်ငန်း (UN Tourism)၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၁ ဒသမ ၃ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံအထိ ရရှိခဲ့သည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကိုဗစ်မတိုင်မီ အခြေအနေထက် ကျော်လွန်သွားမည့် အနေအထားကို တွေ့မြင်နေရပြီဖြစ်ပါသည်။ ထိုသို့ ရလဒ်ကောင်းများကို ထွက်ပေါ်စေသော အဓိကအကြောင်းအချက်များမှာ ပြင်းပြသည့်ခရီးသွားလိုအား (Travel Demand) ဆက်လက်တိုးတက်ဖြစ်ပေါ်နေမှုနှင့် ဗီဇာအစရှိသည့် ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန် ဖြေလျှော့ပေးမှုများကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာခရီးသွားဧည့်သည် ရောက်ရှိမှုအရ ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်က ဝင်ရောက်ခဲ့သည့် သုည ဒသမ ၂၃ သန်းနှင့် နှိုင်းယှဉ်ပါက လေးဆခွဲတိုးတက်လာပါသည်။ ၂၀၂၄ ခုနှစ်တွင် ၁ ဒသမ ၀၆ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစ၍ ဇူလိုင်လအထိ ပြည်ပဧည့်သည် စုစုပေါင်း သုည ဒသမ ၅၇၇ သန်း ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် ခရီးသွားဧည့်သည်များ နှစ်အလိုက် ပိုမိုတိုးတက်လာစေရေး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် လအလိုက် ရာသီပွဲတော် အလှအပများဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အပြိုင်အဆိုင် ကြော်ငြာပြသဆွဲဆောင်ခြင်း၊ ပြပွဲ၊ ပြိုင်ပွဲများ၊ အခမ်းအနားများ Workshop/ Seminar များ ကျင်းပပြုလုပ်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းဖွင့်လှစ်၍ ခရီးသွားဆိုင်ရာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ အာဆီယံနိုင်ငံများနှင့် ဒေသတွင်းအဖွဲ့အစည်းများ (PATA, GMS, BIMSTEC, CLMV) နိုင်ငံတကာအဖွဲ့အစည်းများ၊ (UNWTO) တို့နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပသည့် အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲဆိုင်ရာ အစည်းအဝေးများ စီစဉ်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာခရီးသွားပြပွဲများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းများအပြင် ရှေ့ဆက်အကောင်အထည်ဖော်မည့်လုပ်ငန်းများကို ကဏ္ဍစုံ၊ ရှုထောင့်စုံ၊ ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပြီး အတွေးသစ်၊ အမြင်သစ်၊ လုပ်ငန်းစဉ်အသစ်၊ ဆောင်ရွက်မည့်အစီအစဉ်သစ်များ ရေးဆွဲကာ အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး ယနေ့မှစ၍ အတူကြိုးစားကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။ ။

❛ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးကောင်းမွန်သော ဝင်/ထွက်သွားလာရန် လွယ်ကူမည့်ခရီးစဉ်အသစ်များကို အပြိုင်အဆိုင်စနစ်ဖြင့် ဖော်ထုတ်ကြရမည်ဖြစ်ပါသည်။ ခရီးစဉ်သစ်များ ဖော်ဆောင်ရာတွင် ကျန်းမာရေးနှင့် စိတ်အပန်းဖြေရာ နေရာများသည်လည်း ပိုမို၍အရေးပါလာ ❜

❛ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေခရီးစဉ်ဒေသများရှိခြင်း၊ မြင့်မားသည့် တောင်တန်းများရှိခြင်း၊ ကျွန်းစုများနှင့် မြေဩဇာကောင်းသည့်လွင်ပြင်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ခြင်း၊ ထို့ပြင် ထူးခြားသည့် သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် လူနေမှုဘဝပုံစံများသည် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို ပိုမိုလာရောက်လည်ပတ်ကြရန် ဆွဲဆောင်နိုင်သည့်ပုံရိပ်များ အများအပြားရှိ ❜

# မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ အောက်တိုဘာ ၁၃ ရက်မှ စတင်၍ လေ့လာရေးခရီး သွားရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/သမီး ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များ ပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ ပါဝင်သော လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦးနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဌာနကြီးမှူး ဦးအောင်ရဲဝင်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘဆွေမျိုးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



အဆိုပါ မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များနှင့်စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း အောက်တိုဘာ ၁၄ ရက်တွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံနှင့် Tian an men ရင်ပြင်သို့ သွားရောက်လည်ပတ်ပြီး Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ခြင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ပေကျင်းမြို့ရှိ မဟာတံတိုင်းကြီး (Grate wall) သို့ သွားရောက်လေ့လာခြင်း၊ နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းနှင့် အိုလံပစ်ကျင်းပခဲ့သည့် အဆောက်အအုံများနှင့် မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်ကာ ညပိုင်းတွင် ညရှုခင်းများ ကြည့်ရှုခဲ့ကြသည်။

အလားတူ အောက်တိုဘာ ၁၆ ရက်တွင် ပေကျင်းမြို့ရှိ ပေကျင်း ကျည်ဆန်ရထား ဘူတာရုံမှ ပေကျင်း-တီယန်ကျင်း ကျည်ဆန်ရထားဖြင့် တီယန်ကျင်းမြို့သို့ လည်းကောင်း၊ တီယန်ကျင်းမြို့ လေဆိပ်မှ ကွမ်ကျိုးမြို့သို့ Southern China လေကြောင်းလိုင်းဖြင့်လည်းကောင်း စီးနင်းလိုက်ပါ၍ ကွမ်ကျိုးမြို့သို့ ရောက်ရှိကြပြီး Good Chain လုပ်ငန်းခွဲများအား လေ့လာကြသည်။

အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ကွမ်ကျိုးမြို့ရှိ Ji Nan တက္ကသိုလ်သို့ သွားရောက်၍ Ji Nan တက္ကသိုလ်၏ သမိုင်းကြောင်း၊ စာကြည့်တိုက်နှင့် ဌာနခွဲများအား လှည့်လည်လေ့လာခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့်မေးမြန်းမှုများအပေါ် တက္ကသိုလ်မှတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ ထို့နောက် လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့အတွင်း လေ့လာလည်ပတ်ကြပြီး ညပိုင်းတွင် Guang Zhou Tower အား သွားရောက်လေ့လာကြည့်ရှုခြင်းများဆောင်ရွက်ခဲ့ကြသည်။

မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များနှင့် စစ်သည်များပါဝင်သော လေ့လာရေးအဖွဲ့၏ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့ရမှုနှင့်ပတ်သက်၍ ယခုကဲ့သို့ ကြားသိရပါသည်-

**မယွန်းဆုဝေဇင်**

**(နှစ်ထပ်ကွမ်း လူရည်ချွန်)**

ကျွန်မကတော့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ လေးဘာသာဂုဏ်ထူး ရမှတ်ပေါင်း ၅၁၂ မှတ်နဲ့ အောင်မြင်ခဲ့ပါတယ်။ ပထမဦးဆုံးတရုတ်မှာ ငါးရက်တာနေခဲ့ရပြီးတော့ အဲဒီငါးရက်တာအတွင်းမှာ စိတ်ဝင်စားဖွယ် အထင်ကရနေရာတွေကို သွားရောက် လည်ပတ်ခွင့်ရခဲ့ပါတယ်။ ပထမရက်မှာ Tian an men ရင်ပြင်နဲ့ Tian Tan ပန်းခြံကို သွားခဲ့ရပါတယ်။ အဲဒီမှာ တရုတ်နိုင်ငံရဲ့ နှစ်ရှည်ထိန်းသိမ်းထားတဲ့ အပင်တွေ၊ သဘာဝသစ်တောတွေကို မျက်မြင်တွေ့ရှိခဲ့ရတယ်။ နောက်နေ့မှာ မဟာတံတိုင်းကို သွားခဲ့ပါတယ်။ ပြီးတော့ Ji Nan တက္ကသိုလ်ကိုလည်း သွားရောက် လေ့လာခဲ့ရပါတယ်။ အဲဒီမှာတက္ကသိုလ်တွေရဲ့တိုးတက်ပြောင်းလဲမှုတွေ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ၊ တိုးတက်ပုံအဆင့်ဆင့်တွေကို လေ့လာခဲ့ရပါတယ်။

ဒီလိုမျိုး မရောက်ဖူးတဲ့နေရာတွေကို သွားရောက်လည်ပတ်ခွင့်ရတဲ့အတွက် ဒေသန္တရဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်။ ရရှိခဲ့တဲ့ဗဟုသုတတွေကို နောင်တစ်ချိန်မှာ ကိုယ့်ပတ်ဝန်းကျင်ကလူတွေကိုလည်း ပြန်လည်ပြီးတော့ မျှဝေပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မက ကလေးအထူးကု ဆရာဝန်တစ်ယောက်ဖြစ်ချင်ပါတယ်။ အခုလို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို သွားရောက်လေ့လာခွင့်ရအောင် စေလွှတ်ပေးခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ကျောင်းသားကျောင်းသူများ ကိုယ်စားအထူးပင်ကျေးဇူးတင်ရှိပါတယ်။ ပြီးတော့ ခရီးစဉ်တစ်လျှောက်လုံးမှာ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးခဲ့တဲ့ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ကိုလည်း ကျောင်းသား ကျောင်းသူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါတယ်။



မယွန်းဆုဝေဇင်



မောင်ဖြိုးခန့်ကိုကို

**မောင်ဖြိုးခန့်ကိုကို**

**(သုံးထပ်ကွမ်းလူရည်ချွန်)**

ကျွန်တော်က ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင် စာမေးပွဲမှာ ဂုဏ်ထူး ခြောက်ဘာသာနဲ့ အောင်မြင်ခဲ့တာ ဖြစ်ပါတယ်။ လူရည်ချွန် သုံးထပ်ကွမ်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံကိုသွားပြီး လေ့လာတဲ့အခါမှာ မဟာတံတိုင်း၊ နွေရာသီနန်းတော်အပါအဝင် သူတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ် နေရာတွေကို သွားရောက်လေ့လာခဲ့ရပါတယ်။ သူတို့ရဲ့လူနေမှုစနစ်ကိုလည်း လေ့လာခွင့်ရခဲ့တယ်။ ကုန်တိုက်တွေကိုလည်း ရောက်ခဲ့ရပါတယ်။ အဲဒီလို လေ့လာခဲ့ရတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့ မတူညီတဲ့အချက်တွေကို သတိထားမိပြီးတော့ မတူညီတဲ့ အတွေ့အကြုံခံစားမှုတွေနဲ့ မြန်မာနိုင်ငံကို ပြန်ရောက်လာတဲ့အခါမှာလည်း မတူညီတဲ့ရှုထောင့်ကနေ ကြည့်ပြီးတော့ ပိုပြီးတော့ တိုးတက်အောင်ကြိုးစားနိုင်မယ်လို့ထင်ပါတယ်။ ကျွန်တော်က ဆရာဝန်တစ်ယောက် ဖြစ်ချင်တာမို့ ဆေးကျောင်းကို လျှောက်ထားပါတယ်။ အခုလို ကျွန်တော်တို့ကျောင်းသားလူငယ်တွေကို တရုတ်ပြည်သူ့သမ္မတနိုင်ငံကို လေ့လာရေးခရီးစဉ် စေလွှတ်ပြီးတော့ အစစအရာရာ လိုလေသေးမရှိအောင် ဂရုစိုက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါတယ်။ ။

**သတင်းစဉ်**

## ပခုက္ကူမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်



**ပခုက္ကူ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁) မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းကို အောက်တိုဘာ ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ကော်မတီဝင်များ စုပေါင်း၍ မြို့မဈေးကြီး အတွင်း၊ အပြင်ရှိ မီးသတ်ဆေးဘူးများနှင့် အရေးပေါ် မီးငြိမ်းသတ်ပစ္စည်းများ စနစ်တကျပြင်ဆင်ထားရှိမှု ရှိ/မရှိ၊ လျှပ်စစ်မီးများ စနစ်တကျ ကိုင်တွယ်အသုံးပြုမှု ရှိ/မရှိ၊ ရေလှောင်ကန်များ၌ ရေများ ဖြည့်တင်းထားမှု ရှိ/မရှိတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြပြီး ဈေးတာဝန်ခံများနှင့် ဈေးသူဈေးသားများအား သန့်ရှင်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေး၊ မီးလောင်စေသော အရာဝတ္ထုပစ္စည်းများနှင့် လောင်စာများအား ရှင်းလင်းဖယ်ရှားရေးတို့ကို အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ဝေါမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ဝေါ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဧကရာဇ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းလီမိတက်က စိုက်ပျိုးထားသည့် Y.S.R 1(အောင်နိုင်တိုး) စပါးစံပြစိုက်ခင်း မိုးစပါး စံပြကွက်ရိတ်သိမ်းပွဲကို ယနေ့ နံနက်ပိုင်းက ဧကရာဇ်ကျေးရွာရှိ တောင်သူ ဦးသိန်းဦး၏လယ်မြေ၌ ကျင်းပသည်။



အဆိုပါ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်နှင့်ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မိုးထိုက်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများက မိုးစပါးစံပြစပါးကွက်အား စပါးရိတ်ခြွေစက်ဖြင့် ရိတ်ခြွေနေမှုများကို ကြည့်ရှုကြသည်။

ထိုသို့ ရိတ်သိမ်းရာတွင် တစ်ဧက အစိုတင်း ၁၁၉ တင်း၊ အခြောက်တင်း ၁၁၀ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)သို့ တက်ရောက်ကြမည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဆင်းတက္ကသိုလ်များနယ်မြေ တက္ကသိုလ်အားကစားကွင်း အဆင့်မြှင့်တင်

**နေပြည်တော် အောက်တိုဘာ ၁၈**

ရေဆင်း တက္ကသိုလ်များနယ်မြေ တက္ကသိုလ်အားကစားကွင်း၏ မီတာ ၄၀၀ ပြေးလမ်း အဆင့်မြှင့်တင်ခြင်းနှင့် ပရိသတ် ၅၂၀ ဆံ့ ပွဲကြည့်စင်တည်ဆောက်ခြင်းပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါအားကစားကွင်း၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဒေါက်တာတင်ထွဋ်နှင့် ဦးဗိုလ်ဗိုလ်ကျော်တို့ တက်ရောက်ကြသည်။



**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် အခမ်းအနားအစီအစဉ်အတိုင်း ပန္နက်တင်ကြပြီး တည်ဆောက်ရေးတာဝန်ခံက မီတာ ၄၀၀ ပြေးလမ်း အဆင့်မြှင့်တင်ခြင်းနှင့် အထူးတန်းပွဲကြည့်စင် အပါအဝင် ပရိသတ် ၅၂၀ ဆံ့ ပွဲကြည့်စင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မွေးမြူရေးသုတေသန ဦးစီးဌာနသို့ သွားရောက်ပြီး ပေ(၄၀ x ၃၀) ရှိ သရုပ်ပြငါးသားဖောက်စခန်း တည်ဆောက် ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် စက်မှုဇုန်(၃)ရှိ Ghani Win International Modern Processing Plant & Cold Storage တွင် ငါး၊ ပုစွန်များ ပြုပြင်အေးခဲပြီး UK၊ KSA၊ USA နိုင်ငံများသို့ တင်ပို့ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်း လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိပ်ဖြူမြို့၌ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ဆိပ်ဖြူ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဆိပ်ဖြူမြို့နယ် မီးသတ်ဦးစီးမှူး ဦးအေးမင်းမောင် ဦးဆောင်ကြီးကြပ်မှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဆိပ်ဖြူမြို့ပေါ်ရပ်ကွက်များရှိ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များထံ ကွင်းဆင်း၍ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေး၊ ရေကန်နှင့် ရေစင်များကို ရေအပြည့် ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုမိုး(ပြန်/ဆက်)**



# ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်နေမှုအခြေအနေများနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



**ရန်ကုန် အောက်တိုဘာ ၁၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့်ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄)လမ်းမကို ရှစ်လမ်းသွားလမ်းမကြီးအဖြစ် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရွှေလင်ပန်းစက်မှုဇုန်မြို့အတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး စီမံချက်အစုအဖွဲ့များဖြင့်စစ်ဆေးနေမှုကို ကွင်းဆင်းကြပ်မတ်စစ်ဆေးခဲ့သည်။

ဦးစွာ ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမတစ်လျှောက်လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသောဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်ပြီးစီးမှု၊ ဓာတ်အားလိုင်းများသွယ်တန်းပြီးစီးမှု၊ နုတ်သိမ်းပြီးတိုင်ဟောင်းများ ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ လုပ်ငန်းခွင်သုံးပစ္စည်းများ၊ ဆယ်တင်ပစ္စည်းများလေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန်နှင့် လုပ်ငန်းများအချိန်မီပြီးစီးရေး စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရွှေလင်ပန်းစက်မှုဇုန်သို့ရောက်ရှိပြီး စက်မှုလုပ်ငန်းကြီးများဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများမရှိစေရေး စီမံချက်အစုအဖွဲ့များဖြင့် စစ်ဆေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းကြပ်မတ်ခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်(YESC)**

# ဟင်္သာတမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ဟင်္သာတ အောက်တိုဘာ ၁၈**

ဟင်္သာတမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ လက်သမားရပ်ကွက် ရွှေစေတီလမ်းရှိ မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဟင်္သာတမြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသန်းလှိုင်က အမှာစကားပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးက တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဆောင်ရွက်သော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကျော်ဌေးက ထပ်ဆင့်အမှာစကားပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်ပုက မြို့နယ်သမဝါယမအသင်းဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ အသင်းစာရင်းစစ် ဦးသန်းစိုးက နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အကျိုးငွေခွဲဝေပေးခြင်းတို့ကိုလည်းကောင်း ဖတ်ကြားတင်သွင်းရာ အစည်းအဝေးသို့ တက်ရောက်လာသူများက အများသဘောတူအတည်ပြုခဲ့ကြပြီးနောက် သဘာပတိ ဦးသန်းလှိုင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ကိုရီးယား-မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲနှင့် အားကစားအစီအစဉ်တို့အတွက် သရုပ်ဆောင်ရွေးချယ်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

ကိုရီးယား-မြန်မာ ပူးပေါင်းရိုက်ကူးထုတ်လုပ်မည့် လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲနှင့် အားကစားအစီအစဉ် (All PASS DRAMA & Sports Game) တို့အတွက်သရုပ်ဆောင်ရွေးချယ်ပွဲကိုရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့က နှစ်ကြိမ်ခွဲ၍ ကျင်းပရာ မြန်မာနိုင်ငံမှ အသက် ၁၈ နှစ်မှ ၃၀ နှစ် အကြား ရွေးကြိုအနုပညာရှင် သရုပ်ဆောင်များ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူလူငယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါ ဇာတ်လမ်းတွဲအား ကိုရီးယား -မြန်မာ နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန် နှစ်နိုင်ငံတို့မှ လူငယ်ပရိသတ်များ အရည်အချင်း တိုးတက်လာစေရန်နှင့် စိတ်ခွန်အားပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ကိုရီးယားနှင့် မြန်မာနိုင်ငံတို့မှ လူငယ်သရုပ်ဆောင်များကို အဓိကသရုပ်ဆောင်နှင့် ဇာတ်ပို့/ဇာတ်ရန်များ ခွဲခြား၍ စိစစ်ရွေးချယ်ကြမည်ဖြစ်ပြီး ရုပ်သံဇာတ်လမ်းတွဲအား ကိုရီးယားနှင့် မြန်မာနိုင်ငံတို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အပြန်အလှန်သွားရောက်ကာ ပူးပေါင်းရိုက်ကူးကြမည်ဖြစ်သည်။

ထို့ပြင် Sports Game ရုပ်သံအစီအစဉ်တွင် ပါဝင်မည့်သရုပ်ဆောင်အဖွဲ့ကိုလည်း တစ်ပါတည်း စိစစ်ရွေးချယ်မည်ဖြစ်ပြီး ကိုရီးယားဒါရိုက်တာဖြင့် နေပြည်တော်တွင် Indoor/Outdoor ခွဲခြား၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီလဆန်းတွင် ရိုက်ကူးကြမည်ဖြစ်သည်။

ယနေ့ သရုပ်ဆောင်ရွေးချယ်ပွဲသို့ ကိုရီးယားနိုင်ငံမှ ဇာတ်လမ်းရိုက်ကူးမည့် ဒါရိုက်တာ Mr. GYE, YOON SIK၊ Sidus HQ Entertainment Company ဥက္ကဋ္ဌ Mr. CHUNG HOONKWANG၊ ကိုရီးယားရုပ်သံကုမ္ပဏီ KK Media မှ ဒါရိုက်တာနှစ်ဦး စုစုပေါင်းလေးဦးတို့က အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ လူငယ်အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ အောက်တိုဘာ ၁၉ ရက်တွင် ဆက်လက်ပြုလုပ်ကြမည်ဖြစ်သည်။

အလားတူ သရုပ်ဆောင်ရွေးချယ်ပွဲကို ကိုရီးယားနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တို့တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ကိုရီးယား-မြန်မာ နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုနှစ်(၅၀)ပြည့်မြောက်မှုအား ဂုဏ်ပြုသောအားဖြင့် အဆိုပါအစီအစဉ်ကို ၂၀၂၆ခုနှစ် ဇန်နဝါရီလဆန်းတွင် စတင်ရိုက်ကူးပြီး မတ်လအပြီး ရိုက်ကူးထုတ်လုပ်ပြသနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် ကိုရီးယားနိုင်ငံ KK Media Co., Ltd တို့ ခွဲဝေကျခံ၍ ပူးပေါင်းရိုက်ကူးထုတ်လုပ်ပြီး ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**



# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဘယ်လာရုစ် တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr. Vladimir Sukolinsky ဦးဆောင်သည့် အဖွဲ့ဝင် လေးဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဘယ်လာရုစ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**ပေးအပ်**

အဆိုပါအဖွဲ့ ပြန်လည်မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Alexander Osdrovskiy တို့က ဓာတ်ပုံမှတ်တမ်း Album၊ မှတ်တမ်း Video DVD နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းတို့ကို ပေးအပ်ကြသည်။

အဆိုပါ အနုပညာရှင်အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်နှင့် နေပြည်တော်တို့တွင် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အပတ်စဉ်တင်ဆက်လျက်ရှိသည့် Friday Night Live Show အစီအစဉ်တွင်လည်း ရုရှားသံရုံးမှ အနုပညာရှင်များနှင့်အတူ ပါဝင်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်ပန်းမြို့၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးဆွေးနွေး

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့ရှိ အောင်ပန်းခန်းမ၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



**အခမဲ့ဖြန့်ဝေ**

အခမ်းအနားတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးချိုနိုင်ထွန်းက အမှာစကား ပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သီးနှံကာကွယ်ရေး ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြည်ပပို့ကုန်သီးနှံ ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ သက်ဆိုင်ရာ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက သီးနှံထွက်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် ပိုးသတ်ဆေးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရေးနှင့် ဘက်စုံသီးနှံ ကာကွယ်ရေးနည်းစနစ်များအား ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များအသုံးပြုရေး၊ မြေဆီလွှာအာဟာရဓာတ်များ ဖြည့်သွင်းပေးရေး၊ သဘာဝမြေသြဇာနှင့် သစ်စိမ်းမြေသြဇာများထည့်သွင်းအသုံးပြုရေး၊ ဓာတ်မြေသြဇာ စနစ်တကျ အချိန်ကိုက် အချိုးကျသုံးစွဲရေး အကြောင်းများကို အသိပညာပေး ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားပြီး အသိပညာပေး စာအုပ်၊ စာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြောင်းမြမြို့နယ်၌ မိုးစပါးရိတ်သိမ်းခြွေလှေ့နေမှု ကွင်းဆင်းကြည့်ရှု



**မြောင်းမြ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့နယ်၌ လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်စီမံကိန်း)နှင့် တိုင်းဒေသကြီးနိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းရန်ပုံငွေရယူထားသော သမဝါယမအသင်းများ၏ လယ်ယာတွင် မိုးစပါးရိတ်သိမ်း ခြွေလှေ့နေမှုအခြေအနေများကို တိုင်းဒေသကြီး သမဝါယမဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှုအားပေးသည်။

အဆိုပါ လူမှုစီးပွားမြှင့်တင်ရေး (သက်တန့်ရောင်) စီမံကိန်းရယူထားသော သပြေချောင်ကျေးရွာရှိ အသင်းသား ဦးဝင်းသိန်း လယ်ယာတွင် ဆင်းသုခမျိုးသန့် မျိုးစပါး သုံးဧက ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုရာ တစ်ဧကအထွက်နှုန်း အခြောက် ၁၀၄ တင်း ထွက်ရှိခဲ့သည်။ ဆက်လက်၍ အသင်းသား ဦးတင်သိန်း၏ လယ်၌ မျိုးသန့် မျိုးစပါးဖျော့ထွန်း သုံးဧက ရိတ်သိမ်းမည့် အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စန္ဒာ(မြောင်းမြ)**

# ပြည်မြို့နယ်၌ တီဘီရောဂါကူးစက်ဖြစ်ပွားမှုနှုန်းလျှော့ချနိုင်ရေးဆောင်ရွက်



**ပြည် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း တီဘီရောဂါကူးစက်ဖြစ်ပွားမှုနှုန်းလျှော့ချနိုင်ရန်အတွက်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ဒေသန္တရကျန်းမာရေးဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ တိုက်နယ်/ကျေးလက် ကျန်းမာရေးဌာနနှင့် ကျေးလက် ကျန်းမာရေးဌာနခွဲများ၌ တီဘီရောဂါ ရှိ/မရှိ ရှာဖွေစစ်ဆေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် နယ်မြေခံကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ခေတ္တာရာမြို့သစ်ရပ်ကွက်၊ ရွှေတံခါးရပ်ကွက်နှင့် နဝဒေးရပ်ကွက် ပိုင်စက်မှုဇုန်တို့ရှိ တီဘီလူနာနှင့် အတူနေမိသားစုဝင်များ၊ တီဘီရောဂါလက္ခဏာရှိသူများ၊ စက်ရုံအလုပ်သမားများ၊ ကျောင်းသားကျောင်းသူများနှင့် သီလရှင်ဆရာလေးများ စုစုပေါင်း ၃၁၇ ပါး/ဦးအား ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း၊ သလိပ်စစ်ဆေးခြင်းတို့ ရှာဖွေစစ်ဆေးဆောင်ရွက်ခဲ့ရာ တီဘီလူနာ ၁၃ ဦး ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ကျန်လူနာများကိုလည်း လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပုသိမ်ဇုန်ကိုယ်စားပြုဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်

**ပုသိမ် အောက်တိုဘာ ၁၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပုသိမ်ဇုန် ကိုယ်စားပြု အမျိုးသား၊ အမျိုးသမီး ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ပုသိမ်တက္ကသိုလ်တွင် အားကစားပွဲများ ကျင်းပသည့်အခါတိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်တက်ရောက်အားပေး ချီးမြှင့်ခဲ့ပါကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံဘောလုံး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် တက္ကသိုလ်များ(ပုသိမ်ဇုန်) အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ပြုလုပ်၍ လူရွေးချယ်ခြင်းများ၊ စခန်းသွင်းလေ့ကျင့်ခြင်းများကိုလည်း စနစ်တကျပြင်ဆင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် အားကစားကဏ္ဍတွင် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပြီး ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားပြိုင်ပွဲတွင်လည်း တိုင်းဒေသကြီးမှ ဒုတိယနေရာတွင် ရပ်တည်နေပါကြောင်းနှင့် ရှေ့ဆက်အောင်မြင်မှုများ ရရှိရန် လူ့စွမ်းအားအရင်းအမြစ်များကို ပိုမိုမွေးထုတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက ဇုန်အလိုက်တက္ကသိုလ်များကို စုပေါင်းပြီး ဇုန်ကြီး ရှစ်ဇုန်ခွဲကာ ဘောလုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ရာတွင် ပုသိမ်ဇုန်အနေဖြင့် အစဉ်အလာကောင်းများနှင့် ဆုများကို နှစ်စဉ်ရရှိထားခဲ့ပါကြောင်း၊ တက္ကသိုလ်ပေါင်းစုံ(ဇုန်အလိုက်) အမျိုးသား၊ အမျိုးသမီးဘောလုံးအားကစားပြိုင်ပွဲတွင် ပုသိမ်ဇုန်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် ယခုပြိုင်ပွဲကတစ်ဆင့် တိုင်းဒေသကြီးအဆင့်၊ တိုင်းဒေသကြီးမှတစ်ဆင့် နိုင်ငံတော်အဆင့်ထိအောင် ဂုဏ်ဆောင်နိုင်ကြသည့် အားကစားသမားကောင်းများဖြစ်အောင်ကြိုးစားကြရန်လိုပါကြောင်းနှင့် အောင်မြင်မှုများနှင့်အတူ ရောမြေကို ပြန်လာနိုင်ကြပါစေကြောင်း" တိုက်တွန်းအမှာစကားပြောကြားပြီး တာဝန်ရှိသူများထံသို့ အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ နောက်ဆုံးအုပ်စုပတ်လည်ပွဲစဉ် ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ နောက်ဆုံးအုပ်စု ပတ်လည်ပွဲစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ကိုးသိန်း အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်**

ယနေ့ အမျိုးသမီးဘောလုံးပြိုင်ပွဲ နောက်ဆုံးအုပ်စုပတ်လည်ပွဲစဉ်အဖြစ် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အကြိတ်အနယ် ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၂၅)နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက်နှင့် ၂၀ ရက်အထိ ပြိုင်ပွဲ နှစ်ရက်နားမည်ဖြစ်သည်။



အောက်တိုဘာ ၂၁ ရက် ကွာတားဖိုင်နယ် ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲ ၃ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး ပဒုမ္မာကွင်းတွင် ရှမ်းပြည်နယ်အသင်းနှင့် ရောဝတီတိုင်းဒေသကြီးအသင်း၊ တောင်ဒဂုံကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ပဒေသာကွင်းတွင် မွန်ပြည်နယ်အသင်းနှင့် မကွေး တိုင်းဒေသကြီးအသင်း၊ YTC လေ့ကျင့်ရေးကွင်း-(၁)ရှိ (စက်ဘီးကွင်း) ၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်မြို့၌ ပရော်ဖက်ရှင်နယ် ဘောက်ဆင်ပြိုင်ပွဲများကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၈**

Myanmar Boxing Commission က ကြီးမှူးကျင်းပသော ပရော်ဖက်ရှင်နယ် ဘောက်ဆင်ပြိုင်ပွဲ Professional Boxing Matches-7 (PBM 7)ကိုယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၏ လေးချီပြိုင်ပွဲ Super-Bantam ပြိုင်ပွဲများတွင် မောင်မောင်ဦး (Thanlyin Club)နှင့် စိုင်းအောင်ခန့်(NSMA Club) တို့ယှဉ်ပြိုင်ကစားကြရာ အရှုံးအနိုင်မပေါ်ဘဲ ဖြစ်ခဲ့သဖြင့် မောင်မောင်ဦးက ဒိုင်အဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့အတူ နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ရဲမိုးအောင် (MBC Boxing Club)နှင့် ဥာဏ်လင်းအောင် (Northern Star Club) တို့ပြိုင်ပွဲတွင် နှစ်ဦးစလုံး သူတင်ကိုယ်တင်ထိမိကြသော်လည်းအမှတ်ပေးဒိုင်များ၏ အဆုံးအဖြတ်ဖြင့် ရဲမိုးအောင်က အနိုင်ရရှိခဲ့သည်။

ထို့ပြင် Feather ပြိုင်ပွဲ၌ ထက်ဝင်းကျော် (Dawnathawe Club) နှင့် အောင်ကောင်းမြတ် (Pyapon Club)တို့ ယှဉ်ပြိုင်ရာတွင်လည်း အလူးအလဲဖြင့် သရေရလဒ်သာ ဖြစ်ခဲ့ရသည်။

ထို့နောက်ခြောက်ချီပြိုင်ပွဲ Bantam ပွဲစဉ်တွင် ရဲရင့်(MBC Boxing Club)၏မြန်ဆန်လှသည့် ထိုးချက်များကြောင့် ညီညီမင်းမြတ်(Pyapon Club)ပထမ အချီမှာပင် လက်ရည်မမျှဘဲ အရှုံးပေးလိုက်ရသည်။

ယင်းနောက် Super-Bantam ပွဲစဉ်တွင် ဇိုင်းဒန့်အောင်(MBC Boxing Club)နှင့် ဆန်းသူအောင် (Smart Fight Club)တို့ ယှဉ်ပြိုင်ကြရာ အချီပြည့်နီးပါး တစ်ဦးနဲ့တစ်ဦး ထိမိကြပြီး ပရိသတ်အကြိုက်ပွဲ ဖြစ်ခဲ့ကြသော်လည်း ဒိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် ဇိုင်းဒန့်အောင်က အနိုင်ရရှိခဲ့သည်။

မြန်မာလက်ဝှေ့ကော်မရှင် (MBC) သည် ကမ္ဘာ့ လက်ဝှေ့ကောင်စီ WBC ၏ အဖွဲ့ဝင်ဖြစ်ပြီး မြန်မာဘောက်ဆာများကို ဂျပန်နှင့် ထိုင်းသို့ ပို့ဆောင်ယှဉ်ပြိုင်စေလျက်ရှိကြောင်း၊ ယခုပြိုင်ပွဲကို ဂျပန်ဘောက်ဆင်ကော်မရှင် (JBC) မှ ဒိုင်ချုပ်မစ္စတာ တာနာကာက လာရောက်ကြီးကြပ်ခဲ့ကြောင်း သိရသည်။

**လင်းရာမ**

## MNL ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ကို အောက်တိုဘာ ၁၈ ရက်က ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

တောင်ကြီးကွင်း၌ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရခဲ့သည်။ ပွဲစဉ် (၅) အပြီး ဇယားထိပ်ပိုင်းတွင် ရှုံးပွဲမရှိဘဲ အပြိုင်ဖြစ်နေသည့် နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ယူကာ ရှုံးပွဲမရှိစံချိန် ဆက်ထိန်းနိုင်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ



ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း တို့ ယှဉ်ပြိုင်နေစဉ်။

များပြုလုပ်ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲရင့်အောင်၊ မတ်ခ်၊ ခွန်ကျော်ဇင်ဟိန်း၊ ယူဂျီတို့ဖြင့် ပွဲထွက်လာသလို ဒဂုံစတားအသင်းကလည်း ဆွမ်လမန်၊ စွမ်းထက်၊ ဇော်ရဲထွန်း၊ စခန့်ချောတို့ဖြင့် လူစုံခဲ့သည်။ ပွဲအစ ၁၇ မိနစ်တွင် ယုကီက ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး မိနစ် ၃၀ ကျော်တွင် အသင်းခေါင်းဆောင် ဆွမ်လမန် အထုတ်ခံရသဖြင့် ဒဂုံစတားအသင်းတစ်ယောက်လျော့သွားပြီး ရှမ်းယူနိုက်တက်အသင်းကို ယှဉ်ကစားနိုင်ရန် ခက်ခဲခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကို ထိန်းချုပ်ကစားသွားပြီး ၆၄ မိနစ်တွင် မြတ်ကောင်းခန့်၊ ၇၇ မိနစ်တွင် စအောင်ပြည့်ကိုနှင့် ၈၄ မိနစ်တွင် ဆိုဇာတို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းက ငါးပွဲကစား ၁၃ မှတ်၊ ဒဂုံစတားအသင်းက ခြောက်ပွဲကစား ၁၁ မှတ် ရရှိထားသည်။

သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက မဟာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ၇၄ မိနစ်တွင် စောဆဲကပေါ်ဆေးသွင်းယူသည့် ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းက ခြောက်ပွဲကစား ရှစ်မှတ်၊ မဟာယူနိုက်တက်အသင်းက ငါးပွဲကစား လေးမှတ် ရရှိထားသည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို အောက်တိုဘာ ၁၉ ရက် (ယနေ့)ဆက်လက်ကျင်းပမည်ဖြစ်ပြီး သီဟဒီပကွင်း၌ ရောဝတီယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-စိုးညွန့်သော်**



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့(အကြို) စုပေါင်းလုပ်အားဒါနပြု ဆောင်ရွက်

လင်းခေး အောက်တိုဘာ ၁၈

နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ (အကြို)စုပေါင်းလုပ်အားဒါနပြုဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် ဝန်ထမ်းများက လင်းခေးမြို့ ဝမ်လွိုင်ရပ်ကွက်ရှိ မြို့သမိုင်းဝင်မဟာမြတ်မုနိဘုရားကျောင်း ပရိဝုဏ်အတွင်း ဆောင်ရွက်သည်။

ထိုသို့ စုပေါင်းဆောင်ရွက်ကြရာတွင် သမိုင်းဝင်မဟာမြတ်မုနိရုပ်ပွားတော် ကျောင်းဆောင်အတွင်းရှိ စေတီပုထိုးများ၌ ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ရုပ်ပွားတော်မြတ်အား ရောင်ခြည်တော်ဖွင့်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ဘုရားကျောင်း ပရိဝုဏ်ပတ်ပတ်လည်နှင့် သိမ်တော်၊ စေတီပုထိုးများပေါ်၌ ပေါင်း၊ မြက်၊ ရေညှိများ ဖယ်ရှားခြင်း၊ ဘုရားရင်ပြင်၌ တံမြက်စည်းလှည်းခြင်းတို့ကို စုပေါင်းဆောင်ရွက် လုပ်အားဒါနပြုကြကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

## ရန်ကင်းမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေး

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁၅)ရပ်ကွက် အောင်ဇေယျလမ်းရှိTrust Link ကုမ္ပဏီမှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြမှုများကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းက မီးကြောင့် အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးထိခိုက်မှုများ မရှိစေရေး၊ မီးကပ်မီးချိတ်များနှင့် သဲအိတ်များထားရှိကြရန်၊ ရှုပ်ထွေးဆွေးမြည့်နေသော ဝိုင်ယာကြိုးများကို လဲလှယ်ခြင်းများပြုလုပ်ကြရန်၊ ရေသိုလှောင်ကန်ထားရှိရန်၊ ရုံးဆင်း ရုံးပြန် မိန်းတင် မိန်းချခလုတ်များ သေချာစွာပြုလုပ်ကြရန်တို့ကို ရှင်းလင်းပြောကြားပြီး လက်တွေ့မီးငြိမ်းသတ်ပုံအဆင့်ဆင့်၊ မီးသတ်ဆေးဘူးအသုံးပြုပုံအဆင့်ဆင့်တို့ကို လက်တွေ့စမ်းသပ်သရုပ်ပြ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လှလှထွေး



## သာပေါင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**သာပေါင်း အောက်တိုဘာ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးလောင်ဆုံးရှုံးမှုလျော့နည်းပပျောက်စေရန် စာသင်ကျောင်း အခြေပြု မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာ ပုသိမ်-သာပေါင်း ကားလမ်းဘေးရှိ ရွှေရောင် မော်ကွန်း ကိုယ်ပိုင် အထက်တန်း ကျောင်း၌ ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်မီးသတ် ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစကောင်းပြည့်လင်း က ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရမည့် အချက်များနှင့် မီးလောင်မှုဖြစ်ပွားစေနိုင်သော အချက်များ၊ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ခြင်းများကို အသိပညာပေး ရှင်းလင်း ဟောပြောပြီး အရေးပေါ်မီးငြိမ်းသတ်ပုံများကို လက်တွေ့ပြသကာ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရောဦးသာ**



### “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျ (၈) လမ်း၊ အမှတ်(၃၆၈) ဟုခေါ်တွင်သော ၂-ခန်းတွဲ ၆-ထပ်တိုက်၏ စတုတ္ထ -အလွှာ/၅-ထပ်၊ (ခြေရင်းဘက်အခန်း) အကျယ်အဝန်း အလျားx အနံ (၁၇x၅၄)ပေ အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များ လက်ဝယ်ကိုင်ဆောင်ထားပြီး၊ တရားဝင်ပိုင်ဆိုင်ကာ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်အုန်းမြင့် [၁၂/ဥကတ(နိုင်)၀၈၇၄၃၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေသည်အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်ခိုင်ဇာထွေး**
**[၁၂/ရပသ(နိုင်)၀၄၄၃၄၂]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာနေဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၉၉/၂၀၂၁)**
**အမှတ်(၁၇)၊ တေဇလမ်း၊ ကြံခင်းစုရပ်ကွက်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။(၀၉-၉၆၁၁၁၈၈၄၈)**

### (၁၄-၁၀-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ-၂၅ပါ အများသိစေရန် ကြေညာချက်နှင့်စပ်လျဉ်း၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော **(၁)ဒေါ်ခင်ပို[၁၂/အစန(နိုင်)၀၁၂၆၅၄]၊ (၂) ဒေါ်အေးရီ(ကွယ်လွန်)၏သမီးဖြစ်သူ ဒေါ်ချိုချိုလွင်[၁၂/အစန(နိုင်)၀၆၉၃၈၆]၊ (၃) ဒေါ်ကြည်ကြည်ဝင်း(ကွယ်လွန်)၏ သားဖြစ်သူ ဦးဇော်ထွန်း[၁၂/အစန(နိုင်)၀၁၀၄၇၆]၊ (၄) ဒေါ်နန်းနွယ် [၁၂/အစန(နိုင်)၀၃၅၄၂၆]**တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၄-၁၀-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ-၂၅တွင် **ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(ပိန္နဲကုန်း)၊ မြေကွက်အမှတ်(၁၂)၊ ဧရိယာ(၀.၀၆၂)ဧကရှိ ဦးစံလှိုင်(BQ-၀၂၁၄၉၇) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်**နှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်အား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်ဝင်းလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)**

**ဦးဟန်သူဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၂၀)**

**ရုံးခန်းအမှတ်(၂၇)၊ ပထမထပ်၊ ဓေယျာသီရိလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၇၃၆၁၉၊ ၀၉-၇၇၆၃၈၈၇၉၉၊ ၀၉-၄၂၀၀၁၂၈၃၀**

### “အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ကေသီစိုး [၁၄/ဘကလ(ပြု)၀၀၀၃၀၈] သည် ၎င်း၏ခင်ပွန်းဖြစ်သူ ပါစ်ကို(ခ)ဦးသန်းမြင့်အောင်(ခ)ကိုဖိုးတုတ်၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန် (၃)၊ ဖောင်းတူလမ်း၊ အမှတ်(၁၈)ရှိ ဆိုင်ခန်းသည် လင်မယားနှစ်ဦးပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းဆိုင်ခန်းဖြစ်သည်။

ထို့ကြောင့် အဆိုပါဆိုင်ခန်းအား မည်သူတစ်ဦးတစ်ယောက်မှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ကေသီစိုး သိရှိခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ အာမခံထားခြင်း၊ အခြားနည်း တစ်စုံတစ်ရာဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်အောင် (စဉ်- ၁၂၉၆၈/၁၇)**
**တရားလွှတ်တော်ရှေ့နေ LLB, W.I.P.O**
**၂၆-သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-421009003**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ်(၁၂၀)၊ ဒုတိယထပ်(ယာဘက်)ခန်း၊ အကျယ်အဝန်း(၁၈ပေx ၆၀ပေ)ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍-

### ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်လှတင့် [၁၂/လသန(နိုင်)၀၁၀၉၈၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးသန်းညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၂၇)**

**ဦးနိုင်ထွဋ်လင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၄၅)**

**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ) ရပ်ကွက်၊ အကွက်အမှတ်(ဘ-၁)၊ ဦးပိုင်အမှတ်(၄၁)၊ ၁၁၇x၁၁၈ကြား၊ ၅၈လမ်းရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်မြင့်၏ (SP ရရှိသူ ဦးမျိုးအောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၄၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကြူကြူစန်း[၈/ပခက(နိုင်)၀၄၃၈၁၄]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၀၇၁/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

အမိမြေ
အိမ်ခြံမြေအကျိုးဆောင်
ဒဂုံ(၄)မြို့နယ်ရှိ
မြေကွက်များ
ဈေးကောင်းပေးဝယ်သည်။
09-670011900

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၃၅)၊ ဇီဇဝါလမ်း၊ မြေကွက်အမှတ် (၁၃၇)၊ အကျယ်ပေ (၄၃ပေx ၆၀ပေ)ရှိ မြေကွက်နှင့်နေအိမ်အပါဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဦးလွင်ဦး[၁၂/ဥကတ(နိုင်)၀၃၄၇၄၉]+ဒေါ်နန်းသီတာ [၁၂/ဥကတ(နိုင်)၀၃၄၆၈၇] တို့မှ ၎င်းတို့အမှန်တကယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုဝန်ခံလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထိုက်ကို [၆/ထဝန(နိုင်)၁၀၀၉၉၂]က စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေ၍ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းမြေအိမ်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤမြေအိမ် အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ထိုက်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမာထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၈)**
**ဖုန်း-၀၉-၄၄၂၉၁၂၂၉၇**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၂၄)၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၂၄၁/၁)၊ ဦးမြင့်သိန်း[၁၂/လကန(နိုင်)၁၀၇၄၅၂] နှစ်(၆၀)ဂရန် အမည်ပေါက် (၁ဧက)(စတုရန်းပေ၄၃၅၆၀)မှ တရားဝင်ခွဲခြမ်းစိတ်ဖြာထားခြင်း မရှိသေးသော (၄၂x၃၄)ပေရှိ အမှတ်(၂၄၁/၁/ခ)၊ မြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချသူ အမည်ပေါက် ဦးမြင့်သိန်း [၁၂/လကန(နိုင်)၁၀၇၄၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဉာဏ်ထွန်း[၈/ခမန(နိုင်)၀၉၇၇၁၈]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည့်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဉာဏ်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

### “အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း”

(ဘ) ဦးမြင့်အောင်၏သား မောင်ဆန်းလင်းအောင်[၇/ကတခ(နိုင်)၁၈၄၈၉၁] နှင့် (ဘ) ဦးတင်မြင့်၏သမီး မခင်စန္ဒာလင်း [၇/ကတခ(နိုင်)၁၈၅၁၄၈] တို့သည် (၂၁-၆-၂၀၂၅) ရက်နေ့တွင် အသိသက်သေများ ရှေ့မှောက်၌ ‘‘နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်’’ကို မိမိတို့၏လွတ်လပ်သော သဘောဆန္ဒအရ ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း လုံးဝမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မောင်ဆန်းလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွှေးမွှေးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၇)**
**အမှတ်-၃၉၂၊ မြေညီ(ဘီ)၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၁၂၇၈၉၃၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပုဗ္ဗသီရိဈေး၊ RC ဆိုင်ခန်းအမှတ် (ရ-၂)ဆိုင်ခန်း(၁)ခန်းအား ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ အမှတ်(၂၃၀၆၅)နေ ဒေါ်စန်းနီလာ [၁၄/ကပန(နိုင်)၁၈၆၇၁၀] အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မလိခလမ်း၊ အမှတ် (၂၁၁၉၁)နေ ဒေါ်စုလှိုင်ဝင်း [၁၀/ပမန(နိုင်)၁၅၇၁၈၇] သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်၊(၄၅/ခဲစင်း)၊ ၆၄ (ဒီ)လမ်း၊ (၁၁၈x၁၁၉) လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနု [၉/မရတ(နိုင်)၀၂၁၁၆၂] က တောဂရန်စာချုပ် နှင့်အတူ အမှုတွဲအမှတ်(၃၀၆၅/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၈)၊ ဦးပိုင်အမှတ်၊(၄၅/ခဲစင်း)၊ ၆၄ (ဒီ)လမ်း၊ (၁၁၈x၁၁၉) လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနု [၉/မရတ(နိုင်)၀၂၁၁၆၂]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၀၆၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း | လစ်လပ် | အနိမ့်ဆုံး ပညာအရည်အချင်း | အသက် |
|---|---|---|---|---|
| (က) | လက်ထောက်စုံစမ်းရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (အမျိုးသား/အမျိုးသမီး) | (၉၀) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့၊ အင်္ဂလိပ်စာဘွဲ့၊ ကွန်ပျူတာဘွဲ့များအား ဦးစားပေးမည်) | ၃၁-၁၀-၂၀၂၅ နေ့တွင်(၂၈)နှစ်ထက်မကြီးသူ |
| (ခ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) (အမျိုးသား) | (၇) နေရာ | အခြေခံပညာအလယ်တန်းအဆင့် (ယာဉ်မောင်းလိုင်စင်ရှိရမည်) | ၃၁-၁၀-၂၀၂၅နေ့တွင် (၄၅)နှစ်ထက်မကြီးသူ |
| (ဂ) | ရုံးအကူ/စာပို့ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (အမျိုးသား/အမျိုးသမီး) | (၁၁) နေရာ | တက္ကသိုလ်ဝင်တန်းအောင် | ၃၁-၁၀-၂၀၂၅ နေ့တွင်(၁၈) နှစ်ထက်မငယ်သူ (၂၅)နှစ်ထက်မကြီးသူ |
| (ဃ) | လုပ်သား(ထမင်းချက်) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (အမျိုးသား/အမျိုးသမီး) | (၂) နေရာ | အခြေခံပညာမူလတန်းအဆင့် | ၃၁-၁၀-၂၀၂၅ နေ့တွင်(၄၅) နှစ်ထက်မကြီးသူ |
| (င) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) (အမျိုးသား/အမျိုးသမီး) | (၂) နေရာ | အခြေခံပညာမူလတန်းအဆင့် | ၃၁-၁၀-၂၀၂၅ နေ့တွင်(၄၅) နှစ်ထက်မကြီးသူ |

၂။ လျှောက်ထားသူသည် -
(က) အပိုဒ် ၁(က)(ဂ) ရာထူးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို/အပျို) ဖြစ်ရမည်၊
(ခ) အပိုဒ် ၁ (က) လျှောက်ထားသူသည်
(၁) ဘွဲ့လက်မှတ်(မူရင်း)(သို့မဟုတ်) ဘွဲ့ရရှိကြောင်း ယာယီဘွဲ့ထောက်ခံစာ(မူရင်း)တို့အား တင်ပြနိုင်ရမည်၊
(၂) အမျိုးသားဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၃ လက်မ၊ ရင်အုပ်နဂိုအနေ ၃၂ လက်မနှင့် ကိုယ်အလေးချိန် ၁၁၀ ပေါင်ရှိရမည်၊
(၃) အမျိုးသမီးဖြစ်ပါက အနည်းဆုံး အရပ်အမြင့် ၅ ပေ ၂ လက်မ၊ ကိုယ်အလေးချိန် ၁၀၀ ပေါင်ရှိရမည်၊
(၄) ဆေးအဆင့် (က)ရှိရမည်၊
(၅) လက်ထောက်စုံစမ်းရေးမှူးရာထူးအတွက် လုပ်ငန်းသဘောသဘာဝအရ မျက်မှန်တပ်ဆင်ထားသူနှင့် ကိုယ်အင်္ဂါချို့ယွင်းသူများ မဖြစ်ရ၊
(ဂ) အပိုဒ် ၁ (ခ )လျှောက်ထားသူသည် ယာဉ်မောင်းလိုင်စင်(ခ) တင်ပြနိုင်ရမည်။
(ဃ) အပိုဒ် ၁ (ဂ) လျှောက်ထားသူသည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း) တင်ပြနိုင်ရမည်၊
(င) နယ်ဘက်တရားရုံးများတွင် အမှုအခင်း ကင်းရှင်းသူဖြစ်ရမည်၊
(စ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊
(ဆ) ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည်၊
(ဇ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လက်ထောက်စုံစမ်းရေးမှူးရာထူးလျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကို စိတ်စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်းနှင့် ဆေးစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

၄။ ယာဉ်မောင်း-၅ ရာထူး လျှောက်ထားသူများအား ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးပြီးမှသာ လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်သည်။

၅။ ရုံးအကူ/စာပို့ရာထူး၊ လုပ်သား(ထမင်းချက်)ရာထူးနှင့် သန့်ရှင်းရေးအကူရာထူး လျှောက်ထားသူများအား လူတွေ့စစ်ဆေးခြင်းကိုသာ ပြုလုပ်မည်ဖြစ်သည်။

၆။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများတွင် သတင်းစာ၌ ကြော်ငြာပါဝင်သည့်နေ့မှစ၍ ရယူနိုင်သည်၊ ယင်းသတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားခြင်းကိုသာ လက်ခံမည်။

၇။ လျှောက်လွှာလျှောက်ထားခြင်းကို လျှောက်လွှာရယူခဲ့သော သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနရုံးများသို့ ၆-၁၁-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၈။ လျှောက်လွှာပုံစံနှင့်အတူ အောက်ပါအထောက်အထား စာရွက်စာတမ်းများ ပူးတွဲပါဝင်ရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ၊ (၁၀)တန်းအောင်လက်မှတ်မိတ္တူ (လက်ထောက်စုံစမ်းရေးမှူးရာထူးနှင့် ရုံးအကူ/စာပို့ရာထူးများအတွက်သာ)
(ခ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ဃ) အိမ်ထောင်စုစာရင်း(မိတ္တူ)
(င) ယာဉ်မောင်းလိုင်စင်(မိတ္တူ) (ယာဉ်မောင်း-၅ ရာထူးအတွက်သာ)
(စ) ပညာအရည်အချင်း ထောက်ခံချက်(မိတ္တူ) (ယာဉ်မောင်း-၅ရာထူး၊ လုပ်သား(ထမင်းချက်)ရာထူးနှင့် သန့်ရှင်းရေးအကူရာထူးအတွက်သာ)
(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံစာ(မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
(ဇ) (၂)လအတွင်းရိုက်ထားသော ၁.၅" x ၂" အရွယ် ဓာတ်ပုံ(၅)ပုံ (ဓာတ်ပုံနောက်ဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးရန်)
(ဈ) အိမ်ထောင်မရှိ လူပျို/အပျိုဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက် (လက်ထောက်စုံစမ်းရေးမှူးရာထူးနှင့် ရုံးအကူ/စာပို့ရာထူးများအတွက်သာ)
(ည) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ကြောင်း ခံဝန်ချက်၊
(ဋ) ဌာနတွင် (၃)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကိုယ်တိုင်ခံဝန်ချက်၊
(ဌ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း/မိတ္တူ။

၉။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၁၀။ ရာထူးခေါ်ယူလျှောက်ထားခြင်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနWebsite www.bsi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်၊ ၀၉-၉၈၄၆၅၀၀၄၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်သည်။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

---

## ရွှေတိဂုံစေတီတော်
## (၁၇)ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲ
## စည်ကားသိုက်မြိုက်စွာကျင်းပမည်

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော် (၁၇)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင် ရက်လုပ်ကပ်လှူပူဇော်ပွဲကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့က ကြီးမှူးကျင်းပမည်ဖြစ်ရာ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၃ ရက် ညနေ(၄)နာရီအချိန်တွင် လှည့်လည်ပွဲကျင်းပပြီး စေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေ၌ မသိုးသင်္ကန်းတော်များ ယှဉ်ပြိုင် ရက်လုပ်ပွဲ အခမ်းအနားကို စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။ တန်ဆောင်မုန်း လပြည့်နေ့ နံနက် (၁)နာရီတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည် ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်နေ့ (၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်) အရုဏ်တက် ချိန်တွင် အာရုံခံမုခ်ဦးများအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော် (၄)ဆူနှင့် အထက်ပစ္စယံပတ္တမြား မျက်ရှင်ရုပ်ပွားတော်၊ ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို မသိုးသင်္ကန်း တော်များ ဆက်ကပ်လှူဒါန်းပူဇော်မည် ဖြစ်ပါသည်။

မသိုးသင်္ကန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း(၉)သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပထမဆု ငွေသား ၄,၀၀၀,၀၀၀/- (ကျပ်လေးဆယ်သိန်းတိတိ)၊ ဒုတိယဆု ငွေသား ၃,၅၀၀,၀၀၀/- (ကျပ်သုံးဆယ့်ငါးသိန်းတိတိ)၊ တတိယဆု ငွေသား ၃,၀၀၀,၀၀၀/- (ကျပ်သုံးဆယ်သိန်းတိတိ)၊ စတုတ္ထဆု ငွေသား ၂,၅၀၀,၀၀၀/- (ကျပ်နှစ်ဆယ့်ငါးသိန်း တိတိ)နှင့် နှစ်သိမ့်ဆု တစ်သင်းလျှင် ငွေသား ၁,၅၀၀,၀၀၀/- (ကျပ်တစ်ဆယ့်ငါးသိန်း တိတိ)နှုန်းဖြင့် အသင်း(၅)သင်းအား ချီးမြှင့်မည် ဖြစ်ပါသည်။

မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကပ်လှူပူဇော်ပွဲတွင် အများပြည်သူတို့ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ညအိပ်ကုသိုလ်ပြုကြမည့် ဘုရားဖူးပြည်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ပါတည်းယူဆောင်၍ ညအိပ်ခွင့် တိုင်ကြားရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာကော်ထိန်းဂေါပကအဖွဲ့**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊ မောရဝတီလမ်း၊ မြေကွက်အမှတ်(၇၇၁)၊ အကျယ် အလျား ၄၀ ပေx အနံ၆၀ပေ ရှိ ဒေါ်ခင်သန်းနွဲ့** အမည်ပေါက်ပါမစ် မြေကွက်အနက်မှ အကျယ် ၂၀ ပေ x ၆၀ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆင့်ဆင့်သောစာချုပ်ဖြင့် ဝယ်ယူ၍ ပိုင်ဆိုင်သည်ဆိုသူ **ဦးဝင်းကိုကိုအောင် [၁၂/ဥကတ(နိုင်)၁၇၁၂၉၃]**က မိမိသာလျှင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်မြွက်ဆိုလျက် ရောင်းချရန်ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးဘွေမင်းနိုင် [၄/မတပ(နိုင်)၀၃၃၄၇၇]** က ဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟန်နီငိုင်ဆာခ့်** — **အထက်တန်းရှေ့နေ(စဉ်-၅၁၄၇၀)**
**ဦးငိုင်ဆာခ့်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၂၂)**
**အမှတ်-၁၀/၁၂၊ အခန်း ၁၀၄(စီ)( ပထမထပ်)၊ ၃၅လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-09-5160784**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၅၇/က)၊ အကျယ်အဝန်း (၂၅ပေ x ၆၀ပေ) ရှိ ဒေါ်ယုယုတင် [၁၂/လမန(နိုင်)၀၂၁၅၆၄] အမည်မှ ဦးစိုးနိုင် [၁၀/မဒန(နိုင်)၀၃၉၇၈၇] အမည်ပေါက် ပြောင်းနေဆဲဖြစ်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိုးနိုင် [၁၀/မဒန(နိုင်)၀၃၉၇၈၇]မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈ U10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

---

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်းနေ မတင့်တင့်မွန် [၁၄/မမန(နိုင်)၁၄၉၃၅၈] (Facebook တွင် Acc Name – Tint Yi Mon) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ မတင့်တင့်မွန်(Tint Yi Mon)နှင့် ၎င်း၏ သားသမီးများဖြစ်ကြသော မောင်ဝေယံမင်းသန့်နှင့် မခြူးဝတ်ရည်တို့၏ ဓာတ်ပုံများကို အသုံးပြု၍ မတင့်တင့်မွန်အား အရှက်တကွဲအကျိုးနည်းစေရန်၊ ဂုဏ်သိက္ခာကျစေရန်၊ နာမည်ပျက်စေရန်၊ ကလေးများ၏ တက်လမ်းကို ထိခိုက်စေရန် မနာလိုသူတချို့က ရည်ရွယ်ချက်ရှိရှိဖြင့် Facebook တွင် ရေးသားတင်ထားခြင်း ပြုလုပ်နေကြောင်း တွေ့မြင်သိရှိရပါသည်။ ထို့အပြင် မတင့်တင့်မွန်တင်သော Post များအောက်တွင်လည်း ရိုင်းစိုင်းသော Comment များ ဝင်ရောက်ရေးသားထားသည်ကိုလည်းတွေ့ရပါသည်။ Facebook စာမျက်နှာပေါ်တွင် တင်ထားသော Post များနှင့်Comment များအား သက်သေအထောက်အထားအဖြစ် SS သိမ်းယူထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ပြုလုပ်ထားသော Post များနှင့် Comment များအား ပြန်လည်ဖျက်သိမ်းပေးပါရန်နှင့်နောက်ဆက်လက်၍မပြုလုပ်ပါရန် ကျွန်ုပ်တို့က သတိပေးတားမြစ်သည်။ ဆက်လက်၍ ပြုလုပ်သူမည်သူမဆိုအား တည်ဆဲဥပဒေများနှင့်အညီ သက်သေအထောက်အထားများနှင့်တကွ ရာဇဝတ်ကြောင်းဖြင့်သော်လည်းကောင်း၊ တရားမကြောင်းဖြင့်သော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးကောင်းမြတ်ဦး (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၂၂၈၅)** — **ဖုန်း – ၀၉-၄၂၀၂၁၉၃၁၅**
**ဒေါ်ဇာခြည်ဌေး (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၂၃၀၉)** — **ဖုန်း – ၀၉-၆၉၈၃၂၂၇၆၆**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်-(၄၁၇)၊ ဦးပိုင်အမှတ်-(၇၆-C)၊ ၂၄လမ်း၊ ၈၃x၈၄လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးအောင်သိန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၁၉၇/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်လှတင်၏ (GP ရရှိသူ ဒေါ်မင်းမင်းချော) ထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၁၃၅၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ၊ ဦးအောင်မျိုးဦး [၉/ အမဇ (နိုင်)၀၀၈၅၇၂]က အမှုတွဲအမှတ် (၃၀၇၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃/က)၊မြေကွက်အမှတ်(၄၇)၊မြေကွက်တည်နေရာအမှတ်(၁၉၄/ခ)၊မြင်သာ(၁၁)လမ်း၊(၁၄/ခ)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဒေါ်ခင်လှဝင်း(ISN-466266)၊ဦးမောင်မောင်(YBU-027215)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်အမည်ပေါက်ဒေါ်ခင်လှဝင်း၊ဦးမောင်မောင်မြေကွက်အားအမည်ပေါက်တစ်ဦးဖြစ်သူဒေါ်ခင်လှဝင်း(ဇနီး)ကွယ်လွန်သဖြင့်ဦးမောင်မောင်(YBU-027215)မှတစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာအမှတ်-၉၄၂၄/၂၀၂၅(၅-၉-၂၀၂၅)၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ဂရန်၊နိုင်/ကတ်များ၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ဝန်ဆောင်ခတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာမှုအပေါ်တရားဝင်နိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်-(၃၆၁)၊ ဦးပိုင်အမှတ်-(၁၁-၌)၊ ၉၀ လမ်း၊ ၄၀x၄၁လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်းမြင့် [၉/မရမ (နိုင်)၀၈၂၄၃၂]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၈၉၈၇/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီမြင့် [၁/မညန(နိုင်)၁၂၁၄၅၀]က ဘိုးဘ စာအုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ ဈ ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၆)၊ ဦးပိုင်အမှတ်(၁၉+၂၀)၊ ၆၆x၆၇ကြား၊ ၁၄၁x၁၄၂ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော သားဖြစ်သူ ဦးရန်နိုင်စိုး [၅/ခဥတ(နိုင်)၀၉၄၄၆၅]မှ မိခင်ဖြစ်သူ ဒေါ်ဌေးသန်းအား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ အကွက်အမှတ် သ-၁၊ ဦးပိုင်အမှတ်(၁၇)၊ ၇၃x၇၄ကြား၊ ၁၁၅x၁၁၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရန်ချင်ဖင့် [၁၃/လရန(နိုင်)၀၅၄၁၆၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် အင်အားကြီးနိုင်ငံနှစ်နိုင်ငံ အကြားတွင် ရှိနေကြောင်း ...

❖ ထို့ကြောင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ရေဝတီတိုင်းဒေသကြီးသို့ ဇန်နဝါရီလမှ အောက်တိုဘာလဝက်အထိ ခရီးသွား ၁၀ သိန်းကျော် ဝင်ရောက်လည်ပတ်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၈

နိုင်ငံတော်က ခရီးသွားကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ခရီးသွားရာသီ သီတင်းကျွတ်ပိတ်ရက်ကာလအပါအဝင် ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများဖြစ်သည့် ငွေဆောင်၊ ချောင်းသာနှင့် ရွှေသောင်ယံတို့သို့ ပြည်တွင်း/ ပြည်ပခရီးသွား ၁၀၃၅၄၄၈ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ရေဝတီတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့❖



ငွေဆောင်ကမ်းခြေသို့ သီတင်းကျွတ်ပိတ်ရက်ကာလ၌ ခရီးသွားများ အပန်းဖြေဝင်ရောက်ခဲ့စဉ်။

## ယနေ့ ဖတ်စရာ

ရန်ကုန်-ပုဂံ ရထားလမ်းပိုင်းအတွင်း အမှတ်(၆၁)အဆန်၊ (၆၂)အစုန် လူစီးရထား ပြန်လည်ပြေးဆွဲမည်

စာမျက်နှာ » ၁၅

ခရီးသွားဧည့်သည်များ နှစ်အလိုက် ပိုမိုတိုးတက်လာစေရေး အတွေးသစ်၊ အမြင်သစ်၊ လုပ်ငန်းစဉ်အသစ်၊ အစီအစဉ်သစ်များ ရေးဆွဲဆောင်ရွက်ကြပါစို့

ဆောင်းပါး စာမျက်နှာ » ၁၈

ကိုရီးယား-မြန်မာ ပူးပေါင်းရိုက်ကူး ထုတ်လုပ်မည့် လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲနှင့် အားကစား အစီအစဉ်တို့အတွက် သရုပ်ဆောင်ရွေးချယ်ပွဲ ကျင်းပ

စာမျက်နှာ » ၂၂

## ONE Friday Fights 129 ပြိုင်ပွဲတွင် ဟာလိန်းအွမ် (ခ) အောက်ချင်းလေး အနိုင်ရပြီး ထွန်းမင်းအောင် ရှုံးနိမ့်

ရန်ကုန် အောက်တိုဘာ ၁၈

ONE Friday Fights 129 ပြိုင်ပွဲကို အောက်တိုဘာ ၁၇ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ကျင်းပရာ မြန်မာဖိုက်တာ ဟာလိန်းအွမ် (ခ) အောက်ချင်းလေး အနိုင်ရပြီး ထွန်းမင်းအောင် ရှုံးပွဲကြုံတွေ့ခဲ့သည်။

အောက်ချင်းလေးသည် ဂျပန်ဖိုက်တာ တာနစ်ဆုနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ○



အောက်ချင်းလေးနှင့် တာနစ်ဆု ယှဉ်ပြိုင်ထိုးသတ်စဉ်။

## နော်တင်ဟမ်ဖောရက်စ်အသင်းကို ချယ်လ်ဆီးအသင်းက သုံးဂိုးပြတ်ဖြင့်အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၈) ရဲ့ အစောဆုံးပွဲစဉ်အဖြစ် နော်တင်ဟမ်ဖောရက်စ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ အောက်တိုဘာ ၁၇ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက နော်တင်ဟမ်ဖောရက်စ်အသင်းကို အနိုင်ရရှိပြီး အမှတ်ပေးဇယားအဆင့် (၄) နေရာကို ယာယီတက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ နော်တင်ဟမ်ဖောရက်စ်အသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် ၄၉ မိနစ်မှာ အက်ချန်ပွန်းက တစ်ဂိုး၊ ၅၂ မိနစ်မှာ ပက်ဒရိုနီတိုးနဲ့ ၈၄ မိနစ်မှာ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✤



နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။